BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ

# မိုးကြိုး သတင်းလွှာ

ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီကို ထောက်ခံကြ

The Lightning Newsletter

( ၁၅-၁-၉၉ )ရက်နေ့တွင် စတင်တည်ထောင်သည် | မြန်မာသက္ကရာဇ် ၁၃၆၄ ခုနှစ် * ခရစ်နှစ် ၂၀၀၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၅) | အမှတ် (၃၅)



# ငြိမ်းချမ်း၍ ဒီမိုကရေစီပြည့်ဝသော ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရန် တွေ့ဆုံဆွေးနွေးရေး အမြန်ဆုံးအကောင်အထည်ဖော်

(၅၆)နှစ်မြောက် ပြည်ထောင်စုနေ့ ကြေညာစာတမ်း (ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ)

**ဖေဖော်ဝါရီ၊ (၁၂) ရက်။ [ရန်ကုန်]**

ယခုနှစ်တွင်ကျရောက်သည့် (၅၆)ကြိမ်မြောက် ပြည်ထောင်စုနေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ (CRPP)က စာမျက်နှာ (၁၆)မျက်နှာပါဝင်သည့် ကြေညာချက်တစောင် ထုတ်ပြန်ခဲ့သည်။

ထိုကြေညာချက်တွင် ယနေ့ကာလ မြန်မာနိုင်ငံသည် ပြည်ထောင်စု၏ အသွင်သဏ္ဍာန်နှင့် အနှစ်သာရတို့ ပျောက်ကွယ်လုနီးပါးရှိနေပြီး၊ လူပုဂ္ဂိုလ်အချို့က ပင်လုံသဘောတူညီချက်နှင့် ပင်လုံအခြေခံမူများကို တမျိုးတမည် အဓိပ္ပာယ်သက်ရောက်ရန် ရည်ရွယ်ပြောဆိုရေးသားနေသည့်အပြင်၊ တချို့မှာ ပင်လုံသဘောတူညီချက်နှင့် ပင်လုံအခြေခံမူများကို ပစ်ပယ်သွေဖည်လိုသည့်သဘောထားဖြင့် အမျိုးသားသွေးစည်းညီညွတ်ရေးတည်ဆောက်ခဲ့ကြသော ခေါင်းဆောင်ကြီးများကိုပင် သွယ်ဝိုက်သောနည်းဖြင့် အပြစ်တင်ပြောဆိုနေမှုများ ရှိနေကြောင်း ဖော်ပြထားသည်။

ထို့နောက် ဗြိတိသျှကိုလိုနီနယ်ချဲ့ လက်အောက်မှ တတိုင်းပြည်လုံး လွတ်မြောက်ရေးအတွက် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ တိုင်းရင်းသားခေါင်းဆောင်ကြီးများ တွေ့ဆုံဆွေးနွေးကာ ပင်လုံစာချုပ် ချုပ်ဆိုခဲ့သည်ကို ဆက်လက်ဖော်ပြထားပြီး စစ်အာဏာရှင်များက ပင်လုံစာချုပ်ပါအချက်များကို ပစ်ပယ်ခဲ့ကြသည့်အတွက် လက်ရှိမြန်မာနိုင်ငံတွင်ဖြစ်ပေါ်နေသည့် စီးပွားရေး၊ ပညာရေး၊ လူမှုရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စသည့် ပြဿနာများကြုံတွေ့ခဲ့ရသည်ကို ဆန်းစစ်ထောက်ပြထားသည်။

ထို့သို့ ဖြစ်ပေါ်နေခြင်းမှာ အဓိကကျသည့် နိုင်ငံရေးပြဿနာများကို အမျိုးသားရေး တာဝန်တရပ်အနေဖြင့် မဖြေရှင်းနိုင်သောကြောင့်ဖြစ်ကြောင်း၊ အဓိက နိုင်ငံရေးပြဿနာဟုဆိုရာ၌လည်း တိုင်းရင်းသားလူမျိုးစုများအပါအဝင် ပြည်သူတရပ်လုံး ဒီမိုကရေစီအခွင့်အရေးများ ဆုံးရှုံးနေခြင်းကြောင့်ဖြစ်ကြောင်း သုံးသပ်ထားသည်။

ဒီမိုကရေစီအခွင့်အရေးနှင့် တိုင်းရင်းသား ပြဿနာများကို မဖြေရှင်းနိုင်ပါက လွတ်လပ်၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်နိုင်မည်မဟုတ်ကြောင်း၊ ထိုကဲ့သို့တည်ဆောက်ရန်အတွက် ဒီမိုကရေစီအခြေခံအရ ပြည်သူ့ဆန္ဒနှင့်အညီ ရွေးကောက်တင်မြှောက်ထားသည့် ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ကို အကောင်အထည်ဖော်ပြီး တိုင်းရင်းသားလူမျိုးများ၏ ပကတိတည်ရှိနေသော အခြေအနေနှင့်ကိုက်ညီသည့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရသော ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်ရမည်ဖြစ်ကြောင်း ရေးသားထားသည်။

ထို့အပြင် ကုလသမဂ္ဂ၏ (၅၇)ကြိမ်မြောက် အထွေထွေညီလာခံက ဆုံးဖြတ်ထားသည့်အတိုင်း မြန်မာအစိုးရသည် ဒီမိုကရေစီရရှိရေး၊ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ကိုအကောင်အထည်ဖော်ရေးတို့အတွက် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင်များနှင့် ဒီမိုကရေစီရေး၊ အမျိုးသားပြန်လည် သင့်မြတ်ရေးတို့အတွက် အဓိပ္ပာယ်ပြည့်ဝစွာ စနစ်တကျ တွေ့ဆုံဆွေးနွေးကြပြီး မနှေး

စာမျက်နှာ (၃) ကော်လံ(၃) သို့ -

# လူထုကိုဆင်းရဲတွင်းမှ ကယ်တင်နိုင်ရေး အမြန်ဆုံးတွေ့ဆုံဆွေးနွေးရမည်

(၅၆) နှစ်မြောက်ပြည်ထောင်စုနေ့ ဒေါ်အောင်ဆန်းစုကြည်မိန့်ခွန်းမှ ကောက်နုတ်ချက်



လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်

ဒုက္ခအကြီးအကျယ်ရောက်နေသည့် လူထုကို ဆင်းရဲတွင်းမှကယ်တင်နိုင်ရေးအတွက် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုများ အမြန်ဆုံးစတင်ရန်လိုအပ်ကြောင်း မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က (၅၆)နှစ်မြောက် ပြည်ထောင်စုနေ့တွင် နအဖကို တောင်းဆိုလိုက်သည်။

အဆိုပါ အခမ်းအနားကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဌာနချုပ်ရုံးတွင် ကျင်းပစဉ် ဒေါ်အောင်ဆန်းစုကြည်က တွေ့ဆုံဆွေးနွေးရန်အတွက် တကမ္ဘာလုံးက ပြောဆိုနေချိန်တွင် အာဏာပိုင်များသည် အချိန်ယူရမည်ဟုသာ ပြောနေကြောင်း၊ တွေ့ဆုံဆွေးနွေးရန်အတွက် လုံးဝစတင်မှုမရှိသေးသည့်အတွက် အချိန်ယူနေခြင်းထက် အချိန်ဆွဲနေသည့်သဘောဖြစ်နေကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ဒေါ်အောင်ဆန်းစုကြည်က "အာဏာပိုင်များအနေဖြင့် တကယ်ပဲ လိုလိုလားလား စကားပြောချင်စိတ် ရှိရဲ့လားဟု မေးချင်ကြောင်း၊ မရှိလို့မဖြစ်ဘဲ ဆွေးနွေးရမှာသာ ဖြစ်ကြောင်း၊ တိုင်းပြည်မှာ စီးပွားရေး၊ လူမှုရေးအခြေအနေတွေ သိပ်ကိုဆိုးနေပြီး နိုင်ငံရေးချည်းပဲ ပြောနေလို့ မရတော့ကြောင်း" ပြောကြားခဲ့ပြီး "ဒီကနေ့ မြန်မာပြည်မှာ စည်းလုံးညီညွတ်မှုနှင့် ပြန်လည်ပေါင်းစည်းမှု လုံးဝမရှိဘူး ဆိုတာကို အမှန်အတိုင်း လက်ခံဖို့လိုကြောင်း၊ ပကတိရှိနေသည့် ထိုအချက်အလက်များကို မရှိပါဘူးလို့ ဇွတ်အတင်း ဖုံးကွယ်ငြင်းဆန်နေရုံနှင့် ပြဿနာပျောက်ကွယ်သွားမှာ မဟုတ်တဲ့အကြောင်း" ထည့်သွင်းပြောကြားသွားခဲ့သည်။

ထိုနေ့က နအဖကပြုလုပ်သည့် ပြည်ထောင်စုနေ့အခမ်းအနားတွင် နအဖ ဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးသန်းရွှေက သဝဏ်လွှာတစောင် ထုတ်ပြန်ခဲ့ရာ ထိုသဝဏ်လွှာ၌ ပြည်တွင်းပြည်ပ အဖျက်သမားများသည် မြန်မာပြည်တွင် စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးစသည်တို့ အဖက်ဖက်က တိုးတက်ဖွံ့ဖြိုးပြီး ပြည်ထောင်စုသားများ စည်းလုံးညီညွတ်နေသည်ကို မရှုစိမ့်နိုင်ဖြစ်နေကြသည့်အတွက် ထိုရန်သူများကို သတိထားရမည်ဖြစ်ကြောင်း ထည့်သွင်းရေးသားထားသည်။

လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ မိန့်ခွန်းတွင် "ကျမတို့ဘယ်သူ့ကိုမှ ရန်သူလို သဘောမထားပါဘူး၊ ပြည်သူလူထု၏ အကျိုးအတွက်ဆိုရင် ဘယ်သူနဲ့မဆို လက်တွဲလုပ်ဆောင်ဖို့ အဆင်သင့်ပါပဲ" ဟု ပြည်ထောင်စုနေ့ မိန့်ခွန်းတွင် ထည့်သွင်းပြောကြားသွားခဲ့သည်ဟု သိရသည်။

❖ ❖ ❖

မင်းဆိုးကို "မိုးကြိုး" ပစ်ပြီ

# အယ်ဒီတာ့အာဘော်

## အမျိုးသားသွေးစည်းညီညွတ်ရေးအင်အားဖြင့် ဖက်ဒရယ်ပြည်ထောင်စုကိုတည်ဆောက်ကြ

သက္ကရာဇ် ၂၀၀၃ခုနှစ်၊ ဖေဖော်ရီလ(၁၂)ရက်နေ့သည် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ တိုင်းရင်းသားခေါင်းဆောင်ကြီးများမှ အမျိုးသားညီညွတ်ရေးကိုင်စွဲလျက်၊ ခေတ်သစ် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကို တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ချခဲ့သည့် (၅၆)နှစ်မြောက် ပြည်ထောင်စုနေ့ အခါသမယဖြစ်ပေသည်။ ရာစုနှစ်ဝက်ကျော် ကြာညောင်းခဲ့သော်လည်း ထိုအခြေခံအုတ်မြစ်ကို တည်ဆောက်ခဲ့ကြသည့် ခေါင်းဆောင်ကြီးများ၏ မျှော်လင့်ချက်ဖြစ်သော ငြိမ်းချမ်းသော၊ ဒီမိုကရေစီပြည့်ဝသော တိုင်းရင်းသားလူမျိုးများအား အာမခံသည့်ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံကို မတည်ဆောက်နိုင်သေးပေ။

ထိုသို့သော ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံကို မတည်ဆောက်ရခြင်း အကြောင်းရင်းမှာ မြန်မာနိုင်ငံသည် လွတ်လပ်ရေးရပြီး ၁၉၄၇ခုနှစ်၊ ပြည်ထောင်စုဖွဲ့စည်းပုံ အခြေခံဥပဒေအရ ပြည်ထောင်စုမြန်မာနိုင်ငံဟူ၍ ဖွဲ့စည်းနိုင်ခဲ့သော်လည်း ထို အခြေခံဥပဒေသည် ဗမာ၊ မွန်၊ ရခိုင်ဒေသဟု ဖွဲ့စည်းမှုမရှိခဲ့ခြင်း၊ ပြည်နယ်များသို့ ပေးထားသော လုပ်ပိုင်ခွင့် နည်းပါးခြင်း၊ ဗမာအများစုနေထိုင်ရာဒေသကိုပြည်မအသွင်ဖြင့် ပြည်ထောင်စုအာဏာကိုရယူ၍ အုပ်ချုပ်ခြင်း၊ ဘဏ္ဍာရေးခွဲဝေမှုမမျှတခြင်းစသည့် အားနည်းချက်များကြောင့် အမျိုးသားသွေးစည်းညီညွတ်ရေးသည် တစထက်တစ ပြိုကွဲလာပြီး ပြည်တွင်းစစ်သည် လွတ်လပ်ရေး၏ ဖွားဖက်တော်အဖြစ် မွေးဖွားလာခဲ့သည်။

ဖြစ်ပွားလာသော ပြည်တွင်းစစ်အပေါ် အခွင့်ကောင်းယူ၍ စစ်အာဏာရှင်စနစ်ကို ကိုယ်စားပြုသော တပ်မတော်ခေါင်းဆောင်အချို့သည် တိုင်းပြည်ပြိုကွဲမည်ဟူသော အကြောင်းပြချက်ဖြင့် နိုင်ငံတော်အာဏာကို သိမ်းယူခဲ့သည်။ စစ်အာဏာရှင်စနစ်ကို သက်ဆိုးရှည်လာစေသည်နှင့်အမျှ ပြည်သူတိုင်း ဒီမိုကရေစီလူ့အခွင့်အရေးများ ပျက်သုဉ်းရပြီး အမျိုးသားသွေးစည်းညီညွတ်ရေးသည် ပိုမိုနက်ရှိုင်းစွာ ပြိုကွဲခဲ့ရသည့်အပြင် ပြည်ထောင်စုစိတ်ဓာတ်(သို့) ပင်လုံစိတ်ဓာတ်သည်လည်း ပျောက်ကွယ်လုနီးပါး ဖြစ်ခဲ့ရပေသည်။

စစ်အာဏာရှင်စနစ် မြန်မာ့မြေပေါ်တွင် သက်ဆိုးရှည်နေသည်မှာ နှစ်ပေါင်း(၄၀) ကျော်ကြာမြင့်ခဲ့ပြီး ဖြစ်သည်။ တိုင်းပြည်စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး အခြေအနေများမှာ အဆိုးဝါးဆုံးအခြေအနေသို့ ဆိုက်ရောက်လျှက် တိုင်းရင်းသားအင်အားစုများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ မွေးရာပါအခွင့်အရေးများမှာ လုံးဝဆုံးရှုံးပျောက်ကွယ်နေရသည်။ ဤအခြေအနေကို ပြန်လည်တည့်မတ်ပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးကို ပင်လုံစိတ်ဓာတ်ဖြင့် တည်ဆောက်ရေးမှာ ယနေ့ကာလ ပြည်သူတိုင်း၏ သမိုင်းတာဝန်ပင်ဖြစ်သည်။ ယင်းသမိုင်းတာဝန်ကို ထမ်းဆောင်နိုင်ရေးအတွက် ပီပြင်ခိုင်မာသော ယုံကြည်မှု တည်ဆောက်ရေးကိုဖော်ဆောင်ပြီး နအဖနှင့် ဒေါ်အောင်ဆန်းစုကြည်ခေါင်းဆောင်သော နှစ်ပွင့်ဆိုင်ဆွေးနွေးပွဲကို စတင်အကောင်အထည်ဖော်ရပေမည်။ ထိုမှတဆင့် တိုင်းရင်းသားကိုယ်စားလှယ်ခေါင်းဆောင်များပါဝင်သော သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲကို တည်ဆောက်ရပေမည်။ ထိုမှတဆင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို တည်ဆောက်ကာ ၁၉၉၀ ပြည့်ရွေးကောက်ပွဲရလဒ်ကို ကိုယ်စားပြုသည့် ပြည်သူ့လွှတ်တော်တရပ်ကို ခေါ်ယူရပေမည်။

ထိုမှတဆင့် ငြိမ်းချမ်းသော၊ ဒီမိုကရေစီပြည့်ဝသော တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများကို အာမခံသော ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်ရပေမည်။

ဤကဲ့သို့သော (၅၆)ကြိမ်မြောက် ပြည်ထောင်စုနေ့အခါသမယတွင် တတိုင်းပြည်လုံး၏ အကျိုးစည်းပွားအတွက် (SPDC)အနေဖြင့် ဒေါ်အောင်ဆန်းစုကြည်ခေါင်းဆောင်သော (NLD)နှင့် တွေ့ဆုံဆွေးနွေးပွဲ အခြေအနေ ဖြစ်ပေါ်လာစေရေးကို စတင်ကြရန် လိုအပ်ပေသည်။ ထိုသို့သော တွေ့ဆုံဆွေးနွေးပွဲ အခြေအနေ ဖြစ်ပေါ်လာစေရေးနှင့် ဤအခြေအနေကို ဖန်တီးရန်အတွက် ....

၁။ နိုင်ငံရေးအကျဉ်းသားအားလုံးကို ခြွင်းချက်မရှိ အမြန်ဆုံးလွှတ်ပေးရန်၊
၂။ ဖျက်သိမ်းခံထားရသော တိုင်းရင်းသားပါတီများအပါအဝင် နိုင်ငံရေးပါတီများကို လွတ်လွတ်လပ်လပ် လှုပ်ရှားခွင့်ပေးရန်၊
၃။ ပြည်သူများအား နိုင်ငံရေးလှုပ်ရှားမှုများတွင် အဟန့်အတား အနှောင့်အယှက်ကင်းစွာ ပါဝင်လှုပ်ရှားခွင့် ပေးရန်၊
၄။ လွတ်လပ်စွာ ရေးသားထုတ်ဝေခွင့်ပေးရန်၊

စသောပြည်သူတို့၏ ဒီမိုကရေစီအခွင့်အရေးများကို အမြန်ဆုံး အကောင်အထည်ဖော်ရန် အချိန်ကျရောက်ပြီ ဖြစ်ပါကြောင်း အလေးအနက် တိုက်တွန်းလိုက်ရပေသည်။ ❖

# ဒီနေ့ခေတ် ကမ္ဘာကို အုပ်စိုးသူများ (၄)

**ဒီဆောင်းပါးဟာ အရင်က ဘီဘီစီမှာ သတင်းထောက်လုပ်ခဲ့သူ John Pilger ရေးပြီး သူစီစဉ်ထုတ်လုပ်တဲ့ "The New Rulers of the World" ဆိုတဲ့ ရုပ်မြင်သံကြားအစီအစဉ်ရဲ့ စာသားများကို စာအုပ်အဖြစ် ထုတ်ဝေထားတဲ့ အထဲက ဖြစ်ပါတယ်။**

**စာရေးသူ**



ဒါပေမယ့် ဒါတွေဟာ မှိုင်းလုံးတွေဖြစ်နေပါတယ်။ အရေးကြီးတဲ့ပြဿနာက ဘယ်သူ့အတွက် လွတ်လပ်တာလဲဆိုတာပါပဲ။ ဝေဖန်ပြောဆိုနေသူတွေကတော့ ဒီချုပ်ကိုင်မှုလျှော့ချခြင်းဆိုတာ နိုင်ငံစုံကော်ပိုရေးရှင်းကြီးတွေအတွက် လွတ်လပ်ရေးသာဖြစ်တယ်။ အကြောင်းက သူတို့ရဲ့လှုပ်ရှားမှုတွေကို ကန့်သတ်ထားချက်တွေ လျှော့ပေးခြင်းအားဖြင့် သူတို့ဟာ လွတ်လွတ်လပ်လပ် လုပ်ကိုင်လို့ ရသွားကြတယ်လို့ ထောက်ပြကြပါတယ်။ ဒီလုပ်ကိုင်ခွင့်တွေကြောင့် သူတို့ဟာ ဈေးကွက်သစ်တွေကို အချုပ်အကိုင်မရှိ ပိုမိုရရှိသွားကြပြီး ကမ္ဘာ့အဆင်းရဲဆုံး အဝန်းအဝိုင်းမှာတော့ သူတို့အတွက် အလိုအပ်ဆုံးဖြစ်တဲ့ ငတ်ပြတ်မှုမှ လွတ်လပ်ခြင်း၊ ဆင်းရဲမှုမှ လွတ်လပ်ခြင်းနဲ့ ဘဝလုံခြုံမှုမှ လွတ်လပ်ခြင်းစတဲ့ လွတ်လပ်မှုတွေ ဆုံးရှုံးသည်ထက် ဆုံးရှုံးသွားကြပါတယ်။

### ကမ္ဘာ့လွှမ်းခြုံမှုကို ဘယ်သူတွေက မောင်းနှင်နေတာလဲ?

ကမ္ဘာလွှမ်းခြုံမှုတွင် အဓိကစက်ယန္တရားများမှာ နိုင်ငံစုံကော်ပိုရေးရှင်းများဖြစ်သည်။ သို့သော် တရားဝင်အားဖြင့်ဆိုလျှင် နိုင်ငံတကာကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုတို့နှင့် ပတ်သက်သော စည်းမျဉ်းစည်းကမ်းများကို ချမှတ်သည်မှာ အစိုးရများဖြစ်ပြီး သူတို့က နိုင်ငံတကာအဖွဲ့များမှတဆင့် ချမှတ်ကြသည်။ ဤအထဲတွင် အဓိကအကျဆုံးမှာ ဥရုဂွေးတွင်ပြုလုပ်သော 'ဂတ်' (GATT) အစည်းအဝေးအရ အသွင်ပြောင်းဖွဲ့စည်းခဲ့သော နိုင်ငံတကာကုန်သွယ်ရေးအဖွဲ့ (WTO) ပင်ဖြစ်သည်။ ဤအဖွဲ့၏ အဓိကလုပ်ငန်းမှာ ဆွေးနွေးညှိနှိုင်းမှုမှတဆင့် ကုန်သွယ်မှုနှင့် ပတ်သက်သည့် ချုပ်ကိုင်မှုများ လျှော့ကျစေရေးနှင့် လွတ်လပ်သည့် ကုန်သွယ်မှုအတွက် အတားအဆီးဖြစ်နေသော အရာများကို ဖယ်ရှားပစ်ရေးတို့ဖြစ်သည်။ ကမ္ဘာလွှမ်းမိုးမှု၏ အဓိကတွန်းအားမှာ ဤအချက်ဖြစ်ပြီး သာမန်ပြည်သူနှင့် ကမ္ဘာလွှမ်းမိုးမှုဆန့်ကျင်ရေး အင်အားအသီးသီးတို့က အဓိကထား တိုက်ခိုက်နေကြသည်မှာလည်း ဤအချက်ပင်ဖြစ်သည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှာ ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် စတင်

ဗြ

တရားဝင်ပေါ်ပေါက်ခဲ့ပြီး ၁၉၄၈ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည့် 'ဂတ်'ခေါ် ကုန်သွယ်ရေးနှင့် အခွန်အကောက်သဘောတူညီချက်အဖွဲ့အစည်းကို ဆက်ခံခဲ့ခြင်းဖြစ်သည်။ ကမ္ဘာပေါ်ရှိ နိုင်ငံအများစုကြီးပါဝင်ပြီး တရုတ်ပြည်အပါအဝင် အဖွဲ့ဝင်မဖြစ်သေးသူအားလုံးနီးပါးကလည်း ပါဝင်ခွင့်ရရန်လျှောက်ထားကြသည်။ အဖွဲ့ဝင်ဖြစ်ရန်ဆိုသည်မှာ လယ်ယာမှအစ၊ နည်းပညာ ပိုင်ဆိုင်ခွင့်အဆုံး နယ်ပယ်တကာပါဝင်သော လွတ်လပ်သည့် ကုန်သွယ်မှုသဘောတူညီချက်တွေကို လက်မှတ်ထိုးခြင်းပါဝင်သည်။

ဒဗလျူတီအိုအဖွဲ့သည် မိမိကိုယ်မိမိ ယခုကဲ့သို့အနက်ဖွင့်သည်။ "ဒဗလျူတီအိုအဖွဲ့သည် စည်းမျဉ်းစည်းကမ်းပေါ်တွင် အခြေပြုသော နိုင်ငံစုံကုန်သွယ်ရေးစနစ်ထားရှိသည်။ အဖွဲ့ဝင်တိုင်းတွင် အခွင့်အရေးရောလိုက်နာရန်တာဝန်ပါရှိသည်။ ထိုသို့မဟုတ်ပါက စီးပွားရေးနှင့် နိုင်ငံရေးအင်အားတို့အပေါ်အခြေပြုသော နှစ်နိုင်ငံကုန်သွယ်ရေးများလုပ်ရမည်။ သို့ဖြင့်နိုင်ငံငယ်များမှာ အားကြီးသော ကုန်သွယ်ဖက်များပြုသမျှနုရချေမည်။"

သို့တိုင်အောင် ဝေဖန်သူများကမူ ဒဗလျူတီအို၏ ဆုံးဖြတ်ခွင့်စနစ်ကြောင့် နိုင်ငံငယ်များမှာ ကုန်သွယ်ဖက်နိုင်ငံကြီးများ ပြုသမျှနုနေရသည်ဟု ထောက်ပြကြသည်။ သူတို့၏စနစ်မှာ မဲပေးခြင်းမဟုတ်ဘဲ အဖွဲ့ဝင်အများစုသဘောတူမှုဖြင့် ဆုံးဖြတ်ခြင်းဖြစ်သည်။ လက်တွေ့တွင် ချမ်းသာသောနိုင်ငံများလက်တွဲလိုက်ကြပြီး အခြားနိုင်ငံများအား လက်ခံခိုင်းခြင်း ဖြစ်နေလေသည်။ တတိယ ကမ္ဘာနိုင်ငံအများအပြားမှာ မိမိတို့၏ အနာဂတ်နှင့်ပတ်သက်ပြီး ဆွေးနွေးမည့် အချက်အခြာကျသော ၁၉၉၉ ခုနှစ်၊ နိုဝင်ဘာလ ဆီယက်တယ်လ် (Seattle) ဝန်ကြီးအဆင့် အစည်းအဝေးတွင် တက်ရောက်ခွင့်မရခဲ့ကြချေ။ သည့်နောက်တွင် အမေရိကန်ကိုယ်စားလှယ်များက သူတို့ ကွယ်ရာတွင် ချမှတ်ခဲ့သော သဘောတူညီချက်များကို အတင်းလက်ခံခိုင်းကြသည်။

ဆီယက်တယ်လ်အစည်းအဝေး ဖျက်သိမ်းလိုက်ရသည်အထိ ပြင်းထန်သောဆန့်ကျင်မှုများရှိပါလျက်နှင့် ဒဗလျူတီအိုသည် ၂၀၀၁ ခုနှစ်၊ နိုဝင်ဘာလထဲ၌ ကာတာနိုင်ငံတွင် အလားတူ ကုန်သွယ်ရေးညှိနှိုင်းမှု ဆွေးနွေးပွဲ တရပ်ကျင်းပရန် စိုင်းပြင်းနေဆဲဖြစ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများကမူ သည့်အရင်က ဆွေးနွေးချက်ကြောင့် ကြုံတွေ့နေရသော မိမိတို့၏ပြဿနာများကို မဖြေရှင်းနိုင်သေးမီ နောက်အစည်းအဝေးတရပ် မကျင်းပသေးရန် တင်ပြနေကြသည်။ ❖

**ဆက်လက်ဖော်ပြပါမည်**



# (၁၅)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး၏ ပိန့်ခွန်း

“ ကျမတို့ အဖွဲ့ချုပ်ရဲ့ ရပ်တည်ပိုင်ခွင့်က
တကယ်တော့ တရားဝင်မှတ်ပုံတင်ထားလို့ ရှိနေတဲ့
ရပ်တည်ပိုင်ခွင့် မဟုတ်ပါဘူး။ ပြည်သူလူထုက လက်ခံလို့ရှိနေတဲ့
ရပ်တည်ပိုင်ခွင့် ဖြစ်ပါတယ်။ ပြည်သူလူထုက လက်မခံတော့ဘူးဆိုလို့ရှိရင် ဘယ်လို
တရားဥပဒေနဲ့ကိုက်ညီပါတယ်ဆိုတဲ့ နည်းတွေနဲ့ပဲ မှတ်ပုံတင်ထားထား
ကျမတို့ဟာ ရပ်တည်ဖို့အကြောင်း ဘာမှ မရှိပါဘူး ”

### ○ ယခင်အပတ်မှအဆက်

မူဝါဒတွေကို ပြောင်းလဲပြီးတော့ တကယ့်ကို လူမှုရေးအဖွဲ့အစည်းတခုအနေနဲ့ ရပ်တည်မယ်ဆိုလို့ရှိရင် ကြံ့ခိုင်ဖွံ့ဖြိုးရေးအဖွဲ့ဟာလည်း ကျမတို့နိုင်ငံကို အကျိုးပြုနိုင်ပါတယ်။ ဘယ်သူမဆို၊ ဘယ်အဖွဲ့အစည်းမဆို မှန်ကန်တဲ့ မူဝါဒတွေအပေါ်မှာ ရပ်တည်ပြီးတော့ ပြည်သူပြည်သားတွေအပေါ်မှာ စေတနာထားမယ်ဆိုလို့ရှိရင် ဒီနိုင်ငံကို အကျိုးပြုနိုင်မှာပါ။ ဒါ့ကြောင့်မို့လို့ အထူးသဖြင့် နိုင်ငံကိုအကျိုးပြုမယ့် အဖွဲ့အစည်းတခု ဖြစ်ဖို့လိုပါတယ်။

နိုင်ငံကို အကျိုးပြုမယ့် အဖွဲ့အစည်းတခုဆိုတာဟာ ပထမဦးဆုံးအားဖြင့် နိုင်ငံနဲ့ နိုင်ငံသူ၊ နိုင်ငံသားတွေ အပေါ်မှာထားတဲ့ စေတနာဟာ မှန်ရမယ်။ ဇွဲ၊ လုံ့လ၊ဝီရိယ ရှိရမယ်။ ကိုယ်မှန်ကန်တယ်ထင်တဲ့ ကိစ္စတွေအပေါ်မှာ ရပ်တည်ပြီးတော့ သတ္တိရှိရှိနဲ့ လုပ်ရဲရမယ်။ ကိုယ်ကျိုး မရှာရဘူး။ ဒါ.... အခုကထဲက ကျမတို့ရဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်တွေ အားလုံးကို သတိပေးပါရစေ။ နေရာလိုချင်လို့၊ အခွင့်အရေးလိုချင်လို့ဆိုတဲ့စိတ်ဓာတ်တွေ မထားပါနဲ့။ ကျမတို့အဖွဲ့အတွင်းမှာတောင်မှ နေရာလိုချင်တဲ့ဟာလေးတွေ ကျမတို့ တွေ့ရတယ်။

အခုကထဲကနေပြီးတော့ ဒီစိတ်တွေ ဖျောက်ပါ။ ဒီစိတ်တွေ မွေးထားလို့ရှိရင်၊ ပိုပြီးတော့ ကြီးထွားလာလို့ရှိရင် တနေ့မှာ ပြဿနာဖြစ်ပါလိမ့်မယ်။ နေရာလိုချင်လို့၊ အခွင့်အရေးလိုချင်လို့ နိုင်ငံရေးလုပ်တဲ့ လူလောက် တိုင်းပြည်အတွက် အကျိုးယုတ်စေတဲ့သူမျိုး မရှိဘူးဆိုတာကို စွဲမှတ်ထားကြပါ။

ကျမတို့ အဖွဲ့ချုပ်ထဲမှာ ဒီလိုလူတွေကို ဘယ်တော့မှ ကြာကြာထားမှာ မဟုတ်ပါဘူး။ တိုင်းပြည်အတွက် စေတနာမမှန်ဘူးဆိုတာ ပေါ်လာလို့ရှိရင် ဒီလိုပုဂ္ဂိုလ်တွေကို ကျမတို့အဖွဲ့ချုပ်ထဲကနေ ဖယ်လိုက်ရမှာပဲ။

ကျမတို့ အဖွဲ့ချုပ်ထဲမှာ ဒီလိုပုဂ္ဂိုလ်တွေ သိပ်များလာပြီဆိုရင် အဖွဲ့ချုပ်တခုလုံးကိုတောင်မှ ဖျက်လိုက်ရမှာပဲ။ နိုင်ငံအကျိုးအတွက် ဒီအဖွဲ့ချုပ်ကိုစွန့်ဖို့ရာ ကျမတို့လုံးလုံးဝန်မလေးပါဘူး။ နိုင်ငံအကျိုးကို ဆက်ပြီးတော့ ထမ်းဆောင်သွားမှသာ ဒီအဖွဲ့ချုပ်ဟာ ရပ်တည်ပိုင်ခွင့်ရှိတာပါ။ ကျမတို့အဖွဲ့ချုပ်ရဲ့ ရပ်တည်ပိုင်ခွင့်က တကယ်တော့ တရားဝင်မှတ်ပုံတင်ထားလို့ ရှိတဲ့ ရပ်တည်ပိုင်ခွင့် မဟုတ်ပါဘူး။ ပြည်သူလူထုက လက်ခံလို့ရှိနေတဲ့ ရပ်တည်ပိုင်ခွင့် ဖြစ်ပါတယ်။ ပြည်သူလူထုက လက်မခံတော့ဘူးဆိုလို့ရှိရင် ဘယ်လိုတရားဥပဒေနဲ့ ကိုက်ညီပါတယ်ဆိုတဲ့နည်းတွေနဲ့ပဲ မှတ်ပုံတင်ထားထား ကျမတို့ဟာ ရပ်တည်ဖို့အကြောင်း ဘာမှ မရှိပါဘူး။ ဒါကြောင့် ကျမတို့ အမျိုးသားဒီမိုကရေစီ အဖွဲ့ဝင်များကို ဆင်ခြင်စေချင်ပါတယ်။ အခုအခါမှာ ဘာလုပ်သင့်တယ်၊ ဘယ်လိုလုပ်ရမယ်၊ ကိုယ်က ရှေ့ကနေခံပေးရမယ်။ ဘာတွေစွန့်လွှတ်ရမယ်ဆိုတာ နားလည်သင့်ပါတယ်။ ကျမတို့ ခရီးတလျှောက်မှာဆိုလို့ရှိရင် နေရာတော်တော်များများမှာ ပြည်သူလူထုက ရှေ့ရောက်နေပြီးတော့ အဖွဲ့ချုပ်က စိတ်ဓာတ်အားဖြင့် ပြည်သူလူထုနောက်ကနေ လိုက်နေတာတွေ့ရပါတယ်။

ဒါဟာ လုံးလုံးမှ မသင့်လျော်ပါဘူး။ အဖွဲ့ချုပ်ဝင်များရဲ့တာဝန်ဟာ ပြည်သူလူထုအရှေ့ကနေပြီးတော့ ကာသင့်တဲ့အခါကျရင် ကာရမယ်။ ပြည်သူလူထု အနောက်ကနေပြီးတော့ ကျိုးကျိုးနွံနွံနဲ့ လိုက်သင့်တဲ့အခါကျရင် လိုက်ရမယ်။ ဘယ်အချိန်မှာ ဘာလုပ်ရမယ်ဆိုတာ ကျမတို့အဖွဲ့ချုပ်ဝင်တွေက နားလည်ဖို့လိုပါတယ်။

ကျမတို့ အခု လွတ်လပ်ရေးရခဲ့တာ အနှစ်(၅၀) ကျော်သွားပြီ။ အနှစ်(၅၀) ဆိုတာ နည်းတဲ့အချိန် မဟုတ်ပါဘူး။ ဒီအချိန်ကာလမှာ ကျမတို့ပြည်သူလူထုရဲ့ စိတ်ဓာတ်ဟာ ဘယ်လောက်အထိ တိုးတက်လာသလဲဆိုတာ နိုင်ငံသူနိုင်ငံသားများအားလုံး တယောက်ချင်း တယောက်ချင်း စဉ်းစားစေချင်ပါတယ်။ လွတ်လပ်တဲ့ နိုင်ငံသူနိုင်ငံသားများဖြစ်လာလို့ ကျမတို့စိတ်ဓာတ်ဟာ ပိုပြီးတော့ မြင့်မြတ်လာရဲ့လား။ တကယ်ပဲ ကျမတို့ဟာ လွတ်လပ်တဲ့ နိုင်ငံသူနိုင်ငံသားများ ပီသရဲ့လားဆိုတာ အားလုံးတယောက်ချင်း တယောက်ချင်း ကိုယ့်ကိုယ်ကို ပြန်စမ်းသပ်ရမှာ ဖြစ်ပါတယ်။ ကျမတို့အားလုံး တယောက်ချင်း တယောက်ချင်းဟာ တကယ့်ကို လွတ်လပ်တဲ့ နိုင်ငံသူနိုင်ငံသားများ ပီသလာပြီဆိုလို့ရှိရင် ဒီမိုကရေစီဆိုတာ ရပြီပဲ။ အဲဒီတော့ ဒီမိုကရေစီ ရချင်တယ်။ ဘယ်လိုလုပ်ပေးရမလဲဆိုလို့ရှိရင် ကိုယ့်ကိုယ်ကို ပြန်ပြီးတော့ကြည့်ပါ။ ကိုယ်ဟာ တကယ်ပဲ လွတ်လပ်တဲ့နိုင်ငံသားတယောက် ပီသရဲ့လား၊ တာဝန်တွေကျေရဲ့လား။ ကိုယ့်တာဝန်ကိုယ်ကျေဖို့ဟာ အရေးကြီးဆုံးပဲ။ ကိုယ့်တာဝန် ကိုယ်မကျေဘဲနဲ့ တခြားလူတွေကို ကြည့်နေလို့၊ လက်ညှိုးထိုးနေလို့လဲ မဖြစ်ပါဘူး။ ဒါ.... အားလုံးကြိုးစားကြပါ။ ကျမတို့ လိုချင်တဲ့ ဒီမိုကရေစီပြည်ထောင်စုကြီးကို သိပ်မကြာတဲ့ကာလအတွင်းမှာ ထူထောင်နိုင်ဖို့ အားလုံးမှာ တာဝန်ရှိတယ်ဆိုတာ နားလည်စေချင်ပါတယ်။ နိဂုံးချုပ်အားဖြင့် ထပ်မံပြီးတော့ ကျမတို့ရဲ့ပြည်ထောင်စုတိုင်းရင်းသားညီအစ်ကိုမောင်နှမများကို ကျေးဇူးတင်စကားပြောချင်ပါတယ်။ ဂုဏ်ပြုစကားပြောချင်ပါတယ်။ အချို့နေရာတွေမှာ နည်းအမျိုးမျိုးနဲ့ ခြိမ်းခြောက်ဟန့်တားတာတွေရှိတဲ့အထဲက ကျမတို့ကို ထောက်ခံမှုနွေးနွေးထွေးထွေးပြခဲ့တာ ပြည်ထောင်စုရဲ့တာဝန်ကို အင်မတန်ကျေခဲ့တာဖြစ်လို့ ဒီလိုနောင်လည်းပဲ ဆက်ပြီးတော့ ပြည်ထောင်စုတာဝန်ကို ကျေပွန်စွာနဲ့ ထမ်းဆောင်နိုင်မှာဖြစ်လို့ ကျမတို့ရဲ့ နိုင်ငံသူနိုင်ငံသားများအားလုံးလဲ ဒီတိုင်းရင်းသားညီအစ်ကိုမောင်နှမများနည်းတူ ပြည်ထောင်စုတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ပါစေလို့ ကျမဆန္ဒပြုပါတယ်။ ကျေးဇူးတင်ပါတယ်။❖

### ရှေ့ဖုံးမှ –

အမြန် အခြားနိုင်ငံရေးခေါင်းဆောင်များနှင့် တိုင်းရင်းသားလူမျိုးစုများ၏ ကိုယ်စားလှယ်များပါဝင်ရန် တိုက်တွန်းခဲ့သည့်အတိုင်း နအဖက လိုက်နာရန်တာဝန်ရှိသည်ဟု ဆိုသည်။

ထို့ကြောင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အဓိပ္ပာယ်ပြည့်ဝသော တွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်ရန်အတွက် ....

၁။ နိုင်ငံရေးအကျဉ်းသားအားလုံးကို ခြွင်းချက်မရှိ လွှတ်ပေးရန်၊

၂။ ဖျက်သိမ်းခံထားရသော တိုင်းရင်းသားပါတီများအပါအဝင် နိုင်ငံရေးပါတီများကို လွတ်လွတ်လပ်လပ် လှုပ်ရှားခွင့်ပေးရန်၊

၃။ ပြည်သူများအား နိုင်ငံရေးလှုပ်ရှားမှုတွင် ဟန့်တားနှောင့်ယှက်မှုကင်းစွာဖြင့် ပါဝင်လှုပ်ရှားခွင့်ပေးရန်၊

၄။ လွတ်လပ်စွာ ရေးသားထုတ်ဝေခွင့်ပေးရန် .... စသည့်ဆောင်ရွက်ချက်များ ပြုလုပ်၍ တွေ့ဆုံဆွေးနွေးရေးကို မတွန့်မဆုတ်ဘဲ အမြန်ဆုံးဆောင်ရွက်ကြရန် လေးနက်စွာ တိုက်တွန်းလိုက်ပါကြောင်း ဖော်ပြထားသည်။ ❖

## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ မူဝါဒ ပြောင်းလဲမည်မဟုတ်

၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲရလဒ်များနှင့် ပတ်သက်၍လည်းကောင်း၊ အမျိုးသားညီလာခံနှင့် ပတ်သက်၍လည်းကောင်း၊ နိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲရေးနှင့် ပတ်သက်၍လည်းကောင်း၊ တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး (ကျန်းမာရေး၊ ပညာသင်ကြားရေး စသည်) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စသည့်ကိစ္စရပ်များသည် မူဝါဒရေးရာများဖြစ်ပေသည်။

၎င်းကိစ္စများကို တွေ့ဆုံဆွေးနွေးခြင်းဖြင့် ဖြေရှင်းရမည်ဖြစ်ပေသည်။ မဖြေရှင်းသေးသည့် လောလောဆယ်ကာလအတွင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ မူဝါဒ အပြောင်းအလဲ မရှိပေ။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် – ကြေညာချက်အမှတ် – ၅ (၅/၀၂)
၂၀၀၂ ခုနှစ်၊ မေလ (၈)ရက်။

## စစ်အုပ်စုဆန့်ကျင်ရေးကြေညာချက်များ ပျံ့နှံ့လျက်ရှိ ပြည်သူလူထုခံစားနေရမှုကို ရောင်ပြန်ဟပ်နေ

စစ်အုပ်စုနှင့် (NLD)တို့အကြား တွေ့ဆုံဆွေးနွေးမှုများပြုလုပ်၍ အမျိုးသားရင်ကြားစေ့ရေး ကြိုးပမ်းဆောင်ရွက်ရန် ကုလသမဂ္ဂအဖွဲ့အပါအဝင် ကမ္ဘာတဝှမ်းလုံးရှိ နိုင်ငံတကာပြည်သူများက အစဉ်တစိုက်တိုက်တွန်းနေသော်လည်း ယနေ့အချိန်အထိ နအဖစစ်အုပ်စုအနေဖြင့် နိုင်ငံရေးအရ တိုးတက်သည့်လက္ခဏာဆောင်သော လှုပ်ရှားမှုအရိပ်အယောင် တစုံတရာ ပေါ်ထွက်လာခြင်း မရှိသေးပေ။

ထို့ကြောင့် စီးပွားရေး၊ လူမှုရေးစသည့် အထွေထွေအကျပ်အတည်းများနှင့် ဒုက္ခကြီးစွာကျရောက်နေရသော ပြည်သူလူထုအတွင်း အားမလိုအားမရ ဖြစ်နေလျက်ရှိရာ ယခုရက်များအတွင်း ရန်ကုန်မြို့နေရာအနှံ့အပြားတွင် အစိုးရဆန့်ကျင်ရေး လှုပ်ရှားမှုများ ကွက်ကျားကွက်ကျား ပေါ်ပေါက်လျက်ရှိပြီး လူငယ်အဖွဲ့အစည်းအချို့က ကြေညာချက်များ ထုတ်ပြန်ခဲ့ကြကြောင်း သိရှိရသည်။ ထိုကြေညာချက်များထဲမှ မိုးကြိုးသတင်းစဉ်သို့ ရောက်ရှိလာသော ကြေညာချက်တစောင်ကို ဖော်ပြလိုက်ပါသည်။

### ကျွန်ုပ်တို့၏ အမိဋ္ဌာန်

၁။ ကျွန်ုပ်တို့သည် မြန်မာနိုင်ငံတွင် စစ်မှန်သော ဒီမိုကရေစီစနစ် ပေါ်ထွန်းလာရမည်ဟူသော ခိုင်မာသည့်ယုံကြည်ချက်ဖြင့် နိုင်ငံရေးလှုပ်ရှားမှုများကို လုပ်ဆောင်သွားမည်။

၂။ ကျွန်ုပ်တို့သည် ပြည်သူတရပ်လုံး မျှော်လင့်တောင့်တနေသည့် ပြည်သူ့လွှတ်တော် အမြန်ပေါ်ပေါက်လာရေးနှင့် ၎င်းတို့ ခံစားနေရသည့် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးအစရှိသော အကြပ်အတည်းမျိုးစုံကို ဖြေရှင်းပေးနိုင်မည့် ဒီမိုကရေစီတော်လှန်ရေးတရပ်ဆင်နွှဲရန် လိုအပ်သည်ဟု ယုံကြည်သည်။

၃။ ယနေ့မြန်မာနိုင်ငံ အနာဂတ်ရေးအတွက် နအဖစစ်အစိုးရနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့ တရားဝင်တွေ့ဆုံဆွေးနွေးခြင်းမပြုပါက တိုင်းပြည်တွင် ပိုမိုခက်ခဲရှုပ်ထွေးသောအခြေအနေများ၊ တန်ဖိုးကြီးမားသောဆုံးရှုံးမှုများနှင့် မလွဲမသွေ ရင်ဆိုင်ရနိုင်ပြီး အနုတ်လက္ခဏာဆောင်သော ရလဒ်များနှင့် ကြုံတွေ့ရနိုင်ကြောင်း ကျွန်ုပ်တို့ယုံကြည်သည်။

၄။ ကျွန်ုပ်တို့သည် လူ့အခွင့်အရေးအတွက် တိုက်ပွဲဝင်ခဲ့သော ရဲဘော်အပေါင်းတို့အား အမျိုးစုံသော (ပုဒ်မ)များတပ်၍ တားဆီးချုပ်နှောင်ခဲ့ခြင်း၊ ဖမ်းဆီးခဲ့ခြင်း၊ ထောင်ဒဏ်ချမှတ်၍ အကျဉ်းကျခံစေခဲ့သည့် နအဖစစ်အစိုးရအား ယင်းလုပ်ရပ်များ ရပ်ဆိုင်းရန်နှင့် အကျဉ်းကျခံ ရဲဘော်များအား အမြန်လွှတ်ပေးရန် တောင်းဆိုသည်။

၅။ ဒေါ်အောင်ဆန်းစုကြည်၏ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်း အချို့ဒေသများသို့ အေးချမ်းသောနည်းဖြင့် လူထုစည်းရုံးရေးအတွက် ခရီးထွက်ရာတွင် တွေ့ကြုံခဲ့ရသော တားဆီးပိတ်ပင်ခြင်း၊ အနှောင့်အယှက်ပေးခြင်း စသော အနိဋ္ဌာရုံများကို ပြုလုပ်သည့် ကြံ့/ဖွံ့အဖွဲ့အစည်းအား ဒီမိုကရေစီ၏ ရန်သူအဖြစ် သတ်မှတ်သည်။ နအဖစစ်အစိုးရ၏ အုပ်ချုပ်ရေးဌာနအသီးသီးနှင့် ပူးပေါင်း၍ မိမိကိုယ်ကျိုးစီးပွားဖြစ်ထွန်းရန် ဆောင်ရွက်သည့် ကုမ္ပဏီများ၊ အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များအား ပြည်သူတရပ်လုံး၏ ရန်သူအဖြစ် သတ်မှတ်သည်။

၆။ ကျွန်ုပ်တို့၏ ဒီမိုကရေစီရေးလမ်းကြောင်းအား ဟန့်တားခြင်း၊ နှောင့်ယှက် ခြင်း၊ ဖျက်စီးခြင်းပြုမှုသူ အဖွဲ့အစည်းအာဏာပိုင်များအား ပြင်းထန်စွာ တိုက်ခိုက်တွန်းလှန်မည်ဖြစ်ကြောင်း ခိုင်မာစွာသန္နိဋ္ဌာန်ချပါသည်။

**သွေးသစ်လှိုင်း လူငယ်တပ်ဦး**

# ကမ္ဘာတဝှမ်း စစ်ဆန့်ကျင်ရေးဆန္ဒပြပွဲများ လှိုင်းတံပိုး မြင့်မား





“ ကျမတို့တတွေ တတိယကမ္ဘာစစ်ရဲ့ နှုတ်ခမ်းဝနား ရောက်နေပြီ၊ တည်းတည်းလေးပဲ လိုတော့တယ် ”

မာရီကိုအယာမ (ဂျပန်အိမ်ရှင်မ)

**ဘဂ္ဂဒက်၊ အီရတ် (CNN)**

ထောင်ပေါင်းများစွာသော ပြည်သူများသည် ဘဂ္ဂဒက်လမ်းမများပေါ်သို့ ချီတက်ခဲ့ကြခြင်းဖြင့် အီရတ်အား ဆင်နွှဲမည့် အမေရိကန် ဦးဆောင်သော စစ်ပွဲအား ကမ္ဘာနှင့်အဝှမ်း ဆန့်ကျင်နေကြသည့် အခြားသော ကမ္ဘာ့ပြည်သူထောင်ပေါင်းများစွာတို့နှင့် ပူးပေါင်းပါဝင်ခဲ့ကြသည်။

ကုလသမဂ္ဂ လက်နက်စစ်ဆေးရေးမှူးချုပ်က ကုလသမဂ္ဂ လုံခြုံရေးကောင်စီသို့ အစီရင်ခံစာဖြန့်ဝေပြီးနောက်တရက်တွင် နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ်က ဆဒမ်ဟူစိန်အား ဆန့်ကျင်သည့် အမေရိကန်အရေးကိစ္စအား ဖိအားပေးခဲ့သည်။ ၎င်းတို့သည် စစ်ဆန့်ကျင်ရေးသမားများဖြစ်ခြင်းကြောင့် ဆန္ဒပြပွဲများသည် တခါတရံ အမေရိကန်ဆန့်ကျင်ရေး (သို့) မကြာခဏဆိုသလို ဂျော့ဘုရှ်ဆန့်ကျင်ရေးမျိုးဖြစ်လာသည်။ လန်ဒန်မြို့၊ ဟိုက်ပတ်ပန်းခြံ၌ ပြုလုပ်ခဲ့သည့် ဆန္ဒပြပွဲတွင် ဆန္ဒပြသူပေါင်း (၁,၀၀၀,၀၀၀)တသန်းထိ ပါဝင်ခဲ့ကြသည်ဟု စည်းရုံးသူများက ခန့်မှန်းကြသည်။ “ပြည်သူတွေက ဘုရှ်အုပ်ချုပ်ရေးရဲ့ တဖက်သတ် အပြုအမူတွေကို စိတ်ပျက်နေကြတယ်” ဟု လန်ဒန်ရှိ အမေရိကန်ကျောင်းသား ဆက်သ်ဂရင်း ကပြောကြားခဲ့သည်။

‘အမေရိကအတွက် မရဏ’ ဟူသည့် လက်မှတ်များ ရေးထိုးထားသည့် ထူးထူးခြားခြား လူနည်းစုများပါဝင်သော်လည်း အများစုကြီးမှာ ဘုရှ်အုပ်ချုပ်ရေးပေါ်လစီကို ဆန့်ကျင်သည်သာ ဖြစ်သည်။ ဆန္ဒပြသူများသည် ထိုနေ့နောက်ပိုင်းတွင် ဆန္ဒ ပြပွဲများကို အမေရိကန်နိုင်ငံရှိ မြို့ကြီးများတွင်ပြုလုပ်ရန် စီမံကိန်းများ ရေးဆွဲကြသည်။

ဘဂ္ဂဒက်ရှိ ဆန္ဒပြသူ အီရတ် ပြည်သူများအား လူသားတံတိုင်းအုပ်စုဝင်များအပါအဝင် အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေး လှုပ်ရှားသူများက ထောက်ခံကြသည်၊ လူသားတံတိုင်းအုပ်စုဝင်များက မိမိတို့ အီရတ်တွင် ရှိနေခြင်းသည်ဘုရှ်နှင့် ၎င်း၏ မဟာမိတ်များကို ဗုံးမိုးမရွာချမီ နှစ်ခါပြန်စဉ်းစားစေလိမ့်မည်ဟု မျှော်လင့်ကြသည်။




“အမေရိကန်က သူတို့ရဲ့ ရေနံနဲ့ အာဏာ အကျိုးစီးပွားအတွက် ဒီစစ်ပွဲကို ဆင်နွှဲမှာဖြစ်တယ်။ ဒါကြောင့် ဒီစစ်ပွဲကို ဆန့်ကျင်တယ်” ဟု ဘာလင်၊ အော့စ်ဘတ်ဂ် မြို့မှလာသော စစ်ဆန့်ကျင်ရေးသမားတဦးက ပြောကြားခဲ့သည်။ “ဒါကိုဆန့်ကျင်ဆန္ဒပြဖို့အရေးကြီးတယ်” “လူများလေ ပိုကောင်းလေပဲ”ဟု အီမီလ်ဘောင်းရားက ပြောကြားခဲ့သည်။

ရောမရှိ ဆန္ဒပြသူများကလည်း စစ်ပွဲဆင်နွှဲရခြင်းမှာ ဖြစ်နိုင်ဖွယ်ရှိသည့် စီးပွားရေးအကျိုးစီးပွားအပေါ်တွင် အာရုံစိုက်ခြင်းကြောင့်ဖြစ်သည်ဟု သုံးသပ်ကြသည်။ “ခင်ဗျားတို့ အနေနဲ့ လူ့အခွင့်အရေးနဲ့ ပတ်သက်ပြီး စဉ်းစားရမယ်။ စီးပွားရေးလုပ်ငန်းနဲ့ ငွေရှာဖို့ စဉ်းစားနေတာကို ရပ်ပစ်ရမယ်”၊ “စစ်ကို စစ်နဲ့ ရပ်မပစ်နိုင်ဘူး” ဟု ဆန္ဒပြသူတဦးက ပြောကြားခဲ့သည်။

ဂျာမဏီမှာကဲ့သို့ပင် ပါရီတွင် ထောင်ပေါင်းများစွာရှိသည့် လူထုကြီးသည် ပိုမိုစုရုံးခဲ့ကြသည်။ စစ်ဆန့်ကျင်ရေး လှုပ်ရှားမှုများသည် အမျိုးသားအစိုးရများ၏ ကျောထောက်နောက်ခံပြုမှုကို ရရှိနေကြသည်။ ဩစတြေးလျနိုင်ငံမှ ဆန္ဒပြသူများသည် ဆစ်ဒနီ၊ တပ်စ်မေးနီးယား၊ အဒယ်လိုင်၊ ဒေးမက်ကေးနှင့် ကင်ဘာရာတွင် စုရုံးခဲ့ကြသည်။ ထိုနိုင်ငံတွင် စစ်ပြင်ဆင်ရေးအတွက် စစ်သား (၂၀၀၀)ခန့် စေလွှတ်ရန် အစိုးရက ကတိပေးပြီးဖြစ်သည်။

အတိုက်အခံ ပြောရေးဆိုခွင့်ရှိသူ ဆိုင်မွန်ခရင်းန်က ဘုရှ်အား ကုလသမဂ္ဂ အစီအစဉ်ကိုလိုက်နာရေး အားပေးရန်အတွက် ဩစတြေးလျအား တောင်းဆိုနေချိန် ဩစတြေးလျဝန်ကြီးချုပ် ဂျွန်ဟောင်းဝပ်၊ ဩစတြေးလျစစ်သည်များ စစ်ပွဲတွင်ပါဝင်ရေးအတွက် သူ့အနေနှင့် ယခုထိမဆုံးဖြတ်ရသေးကြောင်း ပြောကြားလိုက်သည်။

ဟောင်ကောင်တွင် ဆန္ဒပြသူများက “ရေနံအတွက် သွေးမြေကျမခံနိုင်”၊ “ဘုရှ်ဆင်းပေး၊ ဗုံးမိုးမရွာပါနဲ့” ဟူသော ဆိုင်းဘုတ်များ သယ်ဆောင်လာပြီး မြို့တော်ခန်းမမှ အမေရိကန် ကောင်စစ်ဝန်ရုံးထိ ချီတက်ခဲ့ကြသည်။ ဂျကာတာတွင် အင်ဒိုနီးရှား ဆန္ဒပြသူများသည်“စစ် ဆိုတာ အရိုင်းအစိုင်းပဲ”ဆိုသည့် ကြွေးကြော်သံများ ယူဆောင်လာပြီး ဩစတြေးလျသံရုံးသို့ ချီတက်ဆန္ဒပြခဲ့ကြသည်။ “စစ်ကို ရပ်ပါ၊ ပြဿနာကို ကျူးကျော်မှုနဲ့ မဖြေရှင်းပါနဲ့၊ ငြိမ်းချမ်းတဲ့နည်းနဲ့ ဖြေရှင်းပါ”ဟု ဆန္ဒပြသူတဦးက ပြောကြားခဲ့သည်။

ဒိန်းမတ်၊ မလေးရှား၊ တောင်ကိုရီးယား၊ ဂျပန်၊ တောင်အာဖရိက၊ ဘူလ်ဂေးရီးယား၊ ပါကစ္စတန်၊ ခရိုအေးရှားနှင့် အခြားနေရာများတွင်ဆန္ဒပြပွဲများပြုလုပ်ခဲ့ကြသည်။ ဂျပန်အိမ်ရှင်မတဦးဖြစ်သူ မာရီကိုအယာမရဲ့စကားက ဆန္ဒပြသူတွေအဖို့ ထိတ်လန့်စရာအကောင်းဆုံးစကား ဖြစ်ကောင်းဖြစ်ပေမည်။ သူမ ပြောခဲ့သည်က “ကျမတို့တတွေ တတိယကမ္ဘာစစ်ရဲ့ နှုတ်ခမ်းဝနားရောက်နေပြီ၊ တည်းတည်းလေးပဲ လိုတော့တယ်” ဟူ၍ဖြစ်သည်။ ❖




“ ခင်ဗျားတို့အနေနဲ့ လူ့အခွင့်အရေးနဲ့ ပတ်သက်ပြီး စဉ်းစားကြရမယ်
စီးပွားရေးလုပ်ငန်းနဲ့ ငွေရှာဖို့ စဉ်းစားနေတာကို ရပ်ပစ်ရမယ်
စစ်ကို စစ်နဲ့ ရပ်မပစ်နိုင်ဘူး ”




## အီရတ်ကိုတိုက်ခိုက်မည့် စစ်ပွဲအား ထိုင်း ပြည်သူလူထု (၇၅)ရာခိုင်နှုန်းမထောက်ခံ

**ဘန်ကောက်၊ ဖေဖော်ဝါရီ။**

ထိုင်းလူမျိုးအများစုသည် အမေရိကန် ဦးဆောင်သည့် အီရတ်နှင့် ဖြစ်ပွားမည့် စစ်ပွဲအား ဆန့်ကျင်ကြသည်။ ထိုင်းပြည်သူများအနေဖြင့် စစ်ဆန့်ကျင်ရေးဘက်မှ ရပ်တည်မည်ဆိုသည့်အချက်ကို ကောက်ယူခဲ့သည့် စစ်တမ်းများက ဖော်ပြခဲ့သည်။

ဒေသပေါင်း (၁၄) ခု၌ လူပေါင်း (၃၇၄၄) ဦးအား မဲဆန္ဒကောက်ခံခဲ့ရာ (၇၅%)က စစ်ကိုဆန့်ကျင်ခဲ့ကြသည့်။

ထိုင်းပြည်သူတို့က အမေရိကန်၏ တိုက်ခိုက်မှုသည် တကမ္ဘာလုံးကို ဝရုန်းသုံးကားဖြစ်သွားနိုင်ပြီး၊ အီရတ်ပြဿနာအား ဖြေရှင်းဖို့ကြိုးစားရာတွင် ငြိမ်းချမ်းသောနည်းအားဦးစားပေး လုပ်ဆောင်သင့်သည်ဟုလည်း ဖော်ပြခဲ့ကြသည်။

(၇.၈%)သာ အမေရိကန်အား ထောက်ခံကြသည်။ ၎င်းတို့က အီရတ်သည် အစုလိုက်အပြုံလိုက် သေကြေပျက်စီးနိုင်သည့် လက်နက်များကို မပိုင်ဆိုင်သင့်ဟု ဖော်ပြကြသည်။

ထိုင်းလူမျိုးများအနေနှင့် ဖြစ်လာနိုင်ဖွယ်ရာရှိသည့် စစ်ပွဲအပေါ် မည်သို့သဘောထား မည်နည်းဆိုသည့် အမြင်ကို မေးမြန်းကြည့်သောအခါ ယခုလို ပြဿနာ မျိုးကို အကြမ်းဖက်သည့်နည်းနှင့် ဖြေရှင်းနိုင်မှာမဟုတ်သည့်အတွက် ပြည်သူတွေ အနေနှင့် စစ်မဖြစ်စေရန် ဆန့်ကျင်ဆန္ဒပြသင့်သည်ဟု (၆၃.၅%)က ဖော်ပြခဲ့သည်။

သို့သော် ထိုဆန္ဒပြမှုများကို ငြိမ်းချမ်းတဲ့ နည်းနဲ့ပဲလုပ်သင့်တယ်။ အသနားခံလွှာတင်တာမျိုး၊ ဒါမှမဟုတ် အမေရိကန်လုပ်ပစ္စည်းတွေကို သပိတ်မှောက်တာမျိုးတွေစသဖြင့် ဖြစ်ကောင်းဖြစ်ပါလိမ့်မယ်ဟု ပြောကြားခဲ့သည်။

(၂၇.၆%)ကမူ ထိုင်းလူမျိုးများ အနေဖြင့် ကြားနေသင့်သည်။ ကုလသမဂ္ဂကိုသာ ဆုံးဖြတ်စေသင့်သည်ဟု အကြံပြုကြသည်။ တိုင်းပြည်ငယ်တခုအနေဖြင့် ထိုင်းနိုင်ငံသည် အမေရိကန်ကဲ့သို့ နိုင်ငံကြီးများ၏ ပြဿနာများတွင် မပါဝင်သင့်ဟု ထင်မြင်ကြသည်။

ဝန်ကြီးချုပ် တပ်စင်ရှီနာဝါထရာက “ထိုင်းနိုင်ငံဟာ စစ်ဖြစ်တာကို မမြင်ချင်ပါဘူး။ ပြဿနာကို ငြိမ်းချမ်းတဲ့နည်းနဲ့ပဲ ဖြေရှင်းနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်” ဟု ပြောကြားခဲ့သည်။

သို့သော် “ထိုင်းနိုင်ငံဟာ ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံတခု ဖြစ်ပါတယ်။ ဒါကြောင့် ကျနော်တို့အနေနဲ့ ကုလသမဂ္ဂ ဆုံးဖြတ်ချက်ကို လိုက်နာရပါလိမ့်မယ်” ဟုလည်း ဝန်ကြီးချုပ် တက်စင်က ထပ်လောင်း၍ ပြောကြားခဲ့သည်။ ❖

## စစ်တပ်အာဏာတည်မြဲရေးအတွက် သတင်းပေးများ မွေးမြူနေ

စစ်တပ်အာဏာတည်မြဲရေးအတွက် ထောက်လှမ်းရေးအဖွဲ့က သတင်းပေးများကို အထူးခံစားခွင့်များပေးပြီး မသင်္ကာသူများ တွေ့ရှိပါက အချိန်မရွေးဖမ်းဆီးနိုင်ရန် ယာယီဖမ်းဝရမ်းနှင့်အတူ လက်ထိပ်များပါ ထုတ်ပေးထားကြောင်းသိရသည်။

ရပ်ကွက်အဖွဲ့ဝင်များမှအစ အတွင်းရေးမှူးနှင့် ဥက္ကဋ္ဌအထိ ထောက်လှမ်းရေးထံ နေ့စဉ်သတင်းများပေးပို့ရပြီး သတင်းပို့စရိတ် နေ့တွက်ခအဖြစ် ကျပ် (၅၀၀)မှ (၁၀၀၀)အထိ ရရှိကြသည်။ သတင်းပေးအင်အားလိုအပ်ပါကလည်း လိုအပ်သလို တိုးချဲ့ခွင့်ပြုထားပြီး ရဝတဥက္ကဋ္ဌနှင့် အတွင်းရေးမှူးလက်မှတ်ပါသည့် သတင်းပေးများကို မဝတက နေ့စဉ်ထောက်ပံ့ကြေးပေးထားသည်။ ထို့ပြင် ဆန်၊ ဆီရောင်းချရေး အစီအစဉ်တွင် သာမန်ပြည်သူများလို တန်းစီစရာမလိုဘဲ ပုံမှန်ခွဲတမ်း တပြည်အစား တနေ့(၃)ပြည်ပေးထားသည်။

သတင်းပေးများသည် အပိုဆောင်းရသည့် ဆန်၊ ဆီကို အပြင်ပေါက်ဈေးနှင့် ပြန်ရောင်းသည့် အမြတ်ငွေအပါအဝင် သတင်းပေးခ ကျပ် (၅၀၀)မှ (၁၀၀၀) အကြား ရရှိနေသဖြင့် တနေ့ (၃၀၀၀) ခန့်ဝင်ငွေရှိပြီး ထောက်လှမ်းရေး အလိုတော်ရိများအဖြစ် ကျေနပ်သာယာနေကြကြောင်း ပြည်တွင်းသတင်းများအရ သိရသည်။ ❖

## နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကျဆင်း ဆန်များ ပိုမိုရောင်းချနေရ

မြန်မာနိုင်ငံသည် နိုင်ငံခြားဆန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း(၁၁၀)ကျော်ရရှိခဲ့ပြီး ယမန်နှစ်ကထက် ဝင်ငွေနှစ်ဆမြင့်တက်လာကြောင်း နအဖ သတင်းထုတ်ပြန်ရေးအဖွဲ့က ဆိုသည်။ ပြီးခဲ့သည့်နှစ် ပထမ (၉)လအတွင်း ဆန်တန်ချိန်(၉၀၀)ကျော် နိုင်ငံခြားသို့ တင်ပို့ရောင်းခဲ့သည်။ သို့ရာတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပမာဏမှာ ၂၀၀၁ ခုနှစ်ကထက် (၂၀%)ကျော် ကျဆင်းသွားကြောင်း ဖော်ပြထားသည်။ ၂၀၀၂ခုနှစ် ပထမ(၉)လပတ်အတွင်း ရင်းနှီးမြှုပ်နှံမှု အမေရိကန် ဒေါ်လာ(၄၅)သန်းသာ ရှိခဲ့ပြီး မလေးရှားနိုင်ငံမှ ရေနံနှင့် သဘာဝဓာတ်ငွေ့ တူးဖော်ရေးအတွက် ရင်းနှီးမြှုပ်နှံငွေ ဒေါ်လာ (၄၄)သန်းနှင့် ကျန်ငွေအနည်းစုမှာ ဟောင်ကောင်မှဖြစ်ကြောင်း နအဖကထုတ်ပြန်သည့် စာရင်းများအရ သိရသည်။ ❖



## ဒေါ်အောင်ဆန်းစုကြည်ကို စော်ကားပုတ်ခတ်သည့် စာရွက်စာတမ်းများ ဖြန့်ဝေနေ

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် နအဖစစ်အုပ်စုကြား ယုံကြည်မှုတည်ဆောက်နေပြီဆိုသည့် ၂၀၀၀ ပြည့်နှစ်နှောင်းပိုင်းကာလမှစ၍ နအဖပိုင် သတင်းစာများတွင် ဒေါ်အောင်ဆန်းစုကြည်အပေါ် ပုဂ္ဂိုလ်ရေးရာသိက္ခာချ အသရေဖျက်သည့်ရေးသားဖော်ပြချက်များ ရပ်ဆိုင်းသွားခဲ့ရာမှ ယခုအခါနည်းလမ်းတမျိုးဖြင့် ပြည်နယ်၊ တိုင်း၊ မြို့ရွာအနှံ့အပြားတွင် ပြန်လည်ပေါ်ထွက်လာနေကြောင်းသိရသည်။

ဖေဖော်ဝါရီလ (၂)ရက်နေ့က ပဲခူးတိုင်းပြည်မြို့ရှိ ရွှေဆံတော် ဘုရားလမ်းမကြီးပေါ်နှင့် အခြား မြို့လည်လမ်းမများပေါ်တွင် ကာတွန်း၊ ကဗျာများပါဝင်သည့် စာရွက်များအား ညဘက်၌ လမ်းမပေါ်တွင် အထုပ်လိုက်ချထားကြောင်း ဒေသခံများအဆိုအရသိရသည်။

ဇန်နဝါရီလ (၂၅)ရက်နေ့ကလည်း အန်အယ်လ်ဒီအဖွဲ့ချုပ်အဖွဲ့ဝင်များ အစည်းအဝေးပြုလုပ်နေသည့် မကွေးတိုင်း ပခုက္ကူမြို့ အမှတ် (၄)ရပ်ကွက်တွင် ဒေါ်အောင်ဆန်းစုကြည်အား ရိုင်းစိုင်းညစ်ညမ်းသည့် အသုံးအနှုန်းများနှင့် ရေးသားထားသော စာရွက်များ ဖြန့်ဝေသွားခဲ့သေးသည်ဟုဆိုသည်။

အလားတူ ဒေါ်အောင်ဆန်းစုကြည်၏ ရုပ်ပုံများနှင့် ဂုဏ်သိက္ခာကျဆင်းအောင် ရေးသားထားသည့် လက်ကမ်းစာစောင်များ စစ်ကိုင်းတိုင်းအတွင်းရှိ မြို့နယ်ကျေးရွာတချို့တွင် လူအုပ်စုတစုက လျှို့ဝှက်စွာ ဖြန့်ဝေကြောင်း သိရသည်။ စစ်ကိုင်းတိုင်း ဘုတလင်မြို့မှ မြို့ခံတဦးအဆိုအရ ညဘက်တွင် အမည်မသိ လူအုပ်စုတစုသည် ဒေါ်အောင်ဆန်းစုကြည်ပုံပါဝင်သည့် စာရွက်စာတမ်းများကို လမ်းမများအပေါ်တွင် ပစ်ချသွားလေ့ရှိကြောင်း၊ အချို့သစ်ပင်နှင့် နံရံများတွင်လည်း ကပ်ထားတာတွေ့ရကြောင်း၊ ထိုသို့ အကျိုးမရှိသည့်အလုပ်ကို သာမန်ပြည်သူတဦးတယောက်မျှ လုပ်မည်မဟုတ်ကြောင်း၊ မြို့ခံများ၏ အမြင်အရဆိုသော် စစ်အုပ်စု လက်ကိုင်ဒုတ်ဖြစ်သည့် ကြံ့/ဖွံ့များ၏ လက်ချက်ဖြစ်နိုင်ကြောင်း ဒီမိုကရက်တစ် မြန်မာ့အသံ၏ မေးမြန်းခန်းတွင် ပြောကြားသွားသည်။

လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် အန်လယ်လ်ဒီအပေါ် အသရေဖျက် အပုပ်ချထားသည့် စာရွက်စာတမ်းများသည် ယခင်က နအဖပိုင် သတင်းစာများတွင် နေ့စဉ်ဖော်ပြခဲ့မှုများကို မိတ္တူပွားထားခြင်းဖြစ်ပြီး ရခိုင်ပြည်နယ်၊ မကွေးတိုင်း၊ စစ်ကိုင်းတိုင်းနှင့် ပဲခူးတိုင်းရှိ မြို့နယ်ကျေးရွာများတွင် ယခုလို ပြန့်နှံ့လာနေခြင်းဖြစ်သည်။ ထိုသို့ လုပ်ဆောင်နေမှုများ နအဖ၏ ဩဇာခံလက်ကိုင်ဒုတ်များ ဖြစ်ကြသည့် ကြံ့/ဖွံ့၊ မီးသတ်များဖြစ်ကြကြောင်း ပြည်သူများက ယူဆနေကြပြီး အချို့မှာ ပိုက်ဆံရလျှင် ဘာမဆိုလုပ်တတ်သည့် လူစားမျိုးများဖြစ်ကြောင်း အန်အယ်ဒီပြောခွင့်ရပုဂ္ဂိုလ် ဦးလွင်က ဆိုသည်။

ထိုသို့ဖြစ်ပွားနေမှုများနှင့် ပတ်သက်၍ ဖေဖော်ဝါရီလ (၆)ရက်နေ့တွင် ဝါရင့်နိုင်ငံရေးသမားကြီးက ရှုတ်ချပြစ်တင်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့ပြီး အန်အယ်လ်ဒီကလည်း စစ်အုပ်စုတာဝန်ရှိသူများအား ဖော်ထုတ် အရေးယူပေးရန် အကြောင်းကြားထားသည်ဟု သိရသည်။ ❖

## မူးယစ်ဆေးတိုက်ဖျက်မှုကောင်းစွာမလုပ်၍ စီးပွားရေး ဒဏ်ခတ်ထားဦးမည်

ဖေဖော်ဝါရီ၊ (၁) ရက်။

၂၀၀၂ ခုနှစ်အတွင်း မူးယစ်ဆေးဝါးတိုက်ဖျက်မှု သိသာကောင်းမွန်စွာ မပြုလုပ်နိုင်ခဲ့သည့်အတွက် မြန်မာနိုင်ငံအပေါ် စီးပွားရေးအရ ဆက်လက် ဒဏ်ခတ်ပိတ်ဆို့သွားရန် အမေရိကန်အစိုးရက ဆုံးဖြတ်ခဲ့သည်။

အမေရိကန်သမတ၏ ကွန်ဂရက်ကိုတင်သွင်းသည့် မူးယစ်ဆေးဝါး နှစ်ပတ်လည်အစီရင်ခံစာတွင် ယခုလိုဖော်ပြခဲ့ခြင်းဖြစ်ပြီး အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ နိုင်ငံတကာ မူးယစ်ဆေးဌာန အကြီးအကဲ မစ္စတာပေါလ်ဆိုင်မွန်က အဆိုပါကိစ္စနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲတရပ် ပြုလုပ်ခဲ့သည်။

မစ္စတာဆိုင်မွန်က မြန်မာနိုင်ငံတွင် ၂၀၀၂ ခုနှစ်အတွင်း ဘိန်းစိုက်ပျိုးထုတ်လုပ်မှု သိသိသာသာ လျော့နည်းသွားခဲ့သော်လည်း စစ်အုပ်စုအနေဖြင့် မူးယစ်ဆေးဝါးနှိမ်နင်းရေးကို လုံလောက်အောင် ဆောင်ရွက်နိုင်ခြင်းမရှိကြောင်း မြန်မာနိုင်ငံမှာ ဘိန်းအထွက်နှုန်းနှင့် ဘိန်းစိုက်ပျိုးမှု တိုးတက်များပြားနေဆဲဖြစ်သည့်အပြင် မက်သာအဖ်တမင်း စိတ်ကြွဆေးပြားများ မြန်မာနိုင်ငံထဲ၌ ထုတ်လုပ်နေပြီး မှောင်ခိုရောင်းချနေသည့်အတွက် အိမ်နီးချင်းနိုင်ငံများနှင့် အာရှဒေသတဝှမ်းလုံး ဆိုးကျိုးခံစားနေရကြောင်း ပြောကြားသွားခဲ့သည်။

ထို့ပြင် မက်သာအဖ်တမင်း စိတ်ကြွဆေးထုတ်လုပ်ရာတွင် ပါဝင်ပတ်သက်နေသည့် UWSA "ဝ" သွေးစည်းညီညွတ်ရေးတပ်ဖွဲ့ကိုလည်း နအဖကထိထိရောက်ရောက် မထိန်းချုပ်နိုင်ကြောင်းပြောဆိုခဲ့ပြီး ပြီးခဲ့သည့် (၁၂)နှစ်တာ ကာလအတွင်း နိုင်ငံတကာ မူးယစ်ဆေး တိုက်ဖျက်မှု သဘောတူညီချက်နှင့် အမေရိကန်အစိုးရပြဋ္ဌာန်းထားသည့် မူးယစ်ဆေးဝါးတိုက်ဖျက်မှုဆိုင်ရာ လုပ်ဆောင်ချက်များကို သိသိသာသာလိုက်နာရန် ပျက်ကွက်ခဲ့သည့် နိုင်ငံသုံးနိုင်ငံတို့အနက် မြန်မာနိုင်ငံလည်းပါဝင်ကြောင်း အမေရိကန်သမတ၏ အစီရင်ခံစာတွင်ဖော်ပြထားသည်ဟု ၎င်းကပြောကြားသွားခဲ့သည်။ ❖

## သူ့အမည်ကတော့ ကမ္ဘည်းတင်ခံရလို့ သူကတော့ ထောင်ထဲမှာ



သံမဏိသူရဲကောင်း ဦးဝင်းတင်




သီရိခင်

မြန်မာနိုင်ငံတွင် သက်တမ်းအရှည်ကြာဆုံး ဖမ်းဆီးခံထားရဆဲဖြစ်သော နိုင်ငံရေးအကျဉ်းသားများအနက် ထင်ရှားသူတဦးလည်းဖြစ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ခေါင်းဆောင်တဦးလည်းဖြစ်၊ မြန်မာသိ၊ ကမ္ဘာသိ သတင်းစာဆရာ၊ စာရေးဆရာဖြစ်သူ ဆရာဦးဝင်းတင်မှာ ကျန်းမာရေးအခြေအနေဆိုးဝါးမှုကြောင့် ရန်ကုန်ဆေးရုံကြီး၏ အကျဉ်းသားများ ကုသဆောင်တွင် ဆေးကုသမှုကိုခံယူနေရပါသည်။ ထိုအခြေအနေနှင့်ပတ်သက်၍ သတင်းဌာနများ၊ သတင်းစာများ၊ လူ့အခွင့်အရေးအဖွဲ့များနှင့် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့တို့က ဆရာဦးဝင်းတင်၏ အခြေအနေကို အဆက်မပြတ်ထုတ်ဖော်၍ အကျဉ်းသားအဖြစ်မှလွှတ်ပေးရန် တောင်းဆိုကာ နအဖစစ်အစိုးရအပေါ် ဖိအားပေးနေကြသည်။

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ဖြစ်သော ဒီဇင်ဘာလ (၁၀)ရက်နေ့က ပြင်သစ်နိုင်ငံ၏ အပတ်စဉ်တနင်္ဂနွေနေ့ထုတ် "လူသားများ၏အခွင့်အရေး" *(I' Humanite)* သတင်းစာ၏ ရှေ့မျက်နှာဖုံးတွင် ဆရာဦးဝင်းတင်၏ဓာတ်ပုံနှင့်အတူ "အကျဉ်းသားဘဝမှ ဆွဲထုတ်ကြစို့" ဟူသောခေါင်းစဉ်ဖြင့် အထူးဆောင်းပါးရှည်တပုဒ်ဖော်ပြထားသည်။ ထိုဆောင်းပါးကို အမျိုးသမီး သတင်းစာဆရာမတဦးဖြစ်သူ (Mrs.Elsa Guiol) က ရေးသားထားခြင်းဖြစ်ပြီး ဆရာဦးဝင်းတင်၏ ဆိုးဝါးလှသော ထောင်တွင်းဖြတ်သန်းနေရမှု အခြေအနေများ၊ ခံစားနေရသော ကျန်းမာရေးအခြေအနေများနှင့်အတူ မြန်မာနိုင်ငံ၏ ဒီမိုကရေစီနှင့်လူ့အခွင့်အရေးတိုက်ပွဲရှည်ကြီးအတွင်း ဆရာဦးဝင်းတင်၏သဘောထားနှင့် ရပ်တည်ချက်များကို အထူးအလေးထားကာ ရေးသားဖော်ပြထားသည်။

ဆောင်းပါး၏ ပထမဆုံးစာပိုဒ်တွင် ဥရောပ၏အလှပဆုံးသောရာသီအခါသမယဖြစ်သည့် ဆောင်းအကုန်နွေအကူး ရာသီဥတု၏ သဘာဝအလှတရားများနှင့် ဦးဝင်းတင်ကိုနှိုင်းယှဉ်ကာ ဆရာ့၏ စိတ်ဓာတ်ကြံ့ခိုင်မှု၊ ထက်မြက်စူးရှသော တွေးခေါ်မှု၊ ရင့်ကျက်တည်ငြိမ်သော ရပ်တည်မှုများနှင့် ရောယှက်ခြယ်မှုန်း၍ သိမ်မွေ့စွာရေးသားထားသည်။

ပြင်သစ်အခြေစိုက် နယ်ခြားမဲ့ သတင်းထောက်များအဖွဲ့ (Reporters without Borders)ကလည်း နိုဝင်ဘာ (၁၃) ရက်နေ့က ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့ရှိ မြန်မာသံရုံးရှေ့၌ ဆရာဦးဝင်းတင်အား လွှတ်ပေးရန် ဆန္ဒပြတောင်းဆို၍ မြန်မာသံရုံးရှိရာ လမ်းအမည်ကို ပြင်သစ်ဘာသာဖြင့် (Rue Win Tin)"ဝင်းတင်လမ်း"ဟု ဆိုင်းဘုတ်ပြောင်းတပ်၍ သံရုံးရှေ့မှာပင် သတင်းနှင့် ရုပ်မြင်သံကြားဌာနများအား ဖိတ်ခေါ်ကာ သတင်းစာရှင်းလင်းပွဲတခု ပြုလုပ်ခဲ့သည်။

တချိန်တည်းမှာပင် ပြည်တွင်း စာပေအင်အားစုများဖြစ်ကြသည့် မြန်မာစာရေးဆရာ၊ ကဗျာဆရာကြီးများကလည်း ဆရာဦးဝင်းတင် လွတ်မြောက်ရေးအတွက် ဖွင့်ဟထုတ်ဖော်မှုများ ပြုလုပ်ခဲ့ကြရာ ထင်ရှားသော ပြည်သူ့စာရေးဆရာမကြီးလည်းဖြစ် စာပေလောကတခုလုံး၏ စံထားရာ စာပေမိခင်ကြီးတဦးလည်းဖြစ်သူ အမေ လူထုဒေါ်အမာအပါအဝင် ဆရာနှင့် ခေတ်ပြိုင်ပညာရှင်များဖြစ်ကြသော ဆရာကြည်အောင်၊ ဆရာကိုလေး (အင်းဝဂုဏ်ရည်)တို့ကလည်း ဦးဝင်းတင်လွတ်မြောက်ရေးနှင့် ပတ်သက်၍ ၎င်းတို့၏ စိုးရိမ်သောက ရောက်ရမှုများကို အသံလွှင့်ဌာနတခုနှင့်တွေ့ဆုံမေးမြန်းခန်းတွင် အလေးအနက် ပြောကြားသွားခဲ့ကြသည်။

အားလုံးသော လူသားတို့၏ရင်ထဲတွင် မတရားမှုများချုပ်ငြိမ်း၍ လူ့အခွင့်အရေးဆုံးရှုံးနေမှုများပပျောက်ရေးတို့နှင့်အတူ ကမ္ဘာမြေပေါ်ရှိ လူသားတို့၏ဆန္ဒ၊ ပြည်သူတို့၏ တောင်းဆိုချက်များအား ဦးစားပေးဖော်ထုတ်လုပ်ဆောင်မှုများ အရှိန်အဟုန်မြှင့်တင်နေကြချိန်အတွင်း မြန်မာနိုင်ငံတွင်လည်း တိုင်းရင်းသားပြည်သူတရပ်လုံး လိုလားတောင်းဆိုဆန္ဒပြုခဲ့ကြသည့် တရားမျှတသော ဒီမိုကရေစီအစိုးရတရပ် ပေါ်ပေါက်လာရန်အတွက် မြန်မာပြည်သူပြည်သားအားလုံးတို့သည် ရောက်ရာနေရာ၊ ရှိရာတာဝန်များမှ တိုက်ပွဲဝင်လျှက်ရှိကြပေသည်။

အထူးသဖြင့် ဦးဝင်းတင်၏ စိတ်ဓာတ်၊ ခံယူချက်သဘောထား၊ ကြံ့ခိုင်သော ဇွဲသတ္တိတို့သည် ဒီမိုကရေစီရေးလှုပ်ရှားသူများ၊ စာပေချစ်သူများ၊ လွတ်လပ်မှုနှင့် တရားမျှတမှုကို မြတ်နိုးသော ကမ္ဘာသူ/သားများအားလုံးတို့၏ ရင်ထဲအသည်းထဲတွင် အပြည့်အဝ နေရာယူထားပြီး ဖြစ်ပေသည်။

ဆရာ၏အမည်သည် ပါရီမြို့၏လမ်းမကြီးတခုအပေါ်တွင် ကမ္ဗည်းရေးထိုးထားခြင်းခံရသော်လည်း ဆရာကမူ စစ်အာဏာရှင်လက်အောက်တွင် နိုင်ငံရေးအကျဉ်းသားဘဝနှင့်ပင် ရှိနေသေးပေသည်။ ❖

# ၁၉၉၆ ခုနှစ်၊ နိုဗယ်ငြိမ်းချမ်းရေးဆုရှင် မစ္စတာ ဟိုဆေးရာမို့(စ်)ဟော်တာသို့ အိတ်ဖွင့်ပေးစာ



မြန်မာနိုင်ငံလုံးဆိုင်ရာ ရဟန်းပျိုသမဂ္ဂ ဥက္ကဋ္ဌ အရှင်ခေမာစာရ

❍ ယခင်လမှအဆက်

နောက်တခုကတော့ ထိုင်းထုတ်ကုန်တွေဟာ မြန်မာနိုင်ငံထဲဝင် ရောက်နေရာယူပြီး ကြီးမားတဲ့ ဈေးကွက်တခု ရထားတဲ့အတိုင်း ထိုင်းနိုင်ငံအဖို့ ကုန်ကြမ်းရော၊ ကုန်ချောပါ အမြတ်တွေချည်းပါပဲ။ ဒါကြောင့်မို့လို့ ဘယ်အစိုးရက မျက်နှာအပျက်ခံပါ့မလဲ။ "ဒီတော့ အပြုသဘော ဆက်ဆံရေးပေါ်လစီ" လို့ပဲ ဆိုလိုက်ရုံပေါ့။ "အဲဒါကို ဘယ်သူသေသေ ငတေမာပြီးရောဆိုတဲ့ အာဆီယံပေါ်လစီ" လို့တောင် မြန်မာပြည်သူတွေကြားထဲမှာ ပြောနေဆိုနေကြတာ ရှိတယ်။ အာဆီယံတွေရဲ့ အပြုသဘောဆက်ဆံရေး ပေါ်လစီဆိုတာ ငွေးတင့်က်တကောင်ရဲ့ စဉ်းစားပုံ၊ တွေးမြင်ပုံနဲ့ ဘာမှမကွာဘူး။

ကဲ .... ဒီတော့ ဘယ်လိုလုပ်ပြီး ဒီအာဏာရှင်စနစ်ကိုဖြိုဖျက်ပြီး ဒီမိုကရေစီ ထွန်းကားလာအောင် လက်နက်မကိုင် အကြမ်းမဖက်သူတွေက လုပ်နိုင်မလဲ။ အောင်ပွဲခံနိုင်မလဲ။ အိတ်ပေါက်နဲ့ ဖားကောက်နေရသလို၊ လှေပေါက်မှာ ရေပက်ရသလို ဖြစ်မနေဘူးလား။

**အမှန်တကယ် မသိလို့လား။ ဒါမှမဟုတ် ....**

ဟုတ်ပြီ....လက်ရှိမြန်မာ့နိုင်ငံရေး အခြေအနေအပေါ်မှာ ယေဘုယျခြုံငုံနားလည်လာပြီ လို့ထင်တယ်။ နောက် အပိုင်း (၂) ကိုစပေါ့။ အဲဒီမှာ ....

- တီမော(လ်) ခရစ်ယာန်ခေါင်းဆောင်တွေရဲ့ အားပေးမှုကို အပြည့်အဝ ရယူနိုင်ခဲ့တယ်။
- တီမော(လ်) ခရစ်ယာန်ခေါင်းဆောင်တွေက အင်ဒိုနီးရှားအစိုးရကို အကြိမ်ကြိမ်အခါခါ ပြင်းပြင်းထန်တန် ဝေဖန်ပြောဆိုခဲ့တယ်။

> **"မြန်မာနိုင်ငံ ဗုဒ္ဓဘာသာဘုန်းတော်ကြီးများဟာ ပြည်သူတွေဖက်က သမိုင်းနဲ့ချီပြီး ခိုင်မာစွာရပ်တည်ခဲ့ကြတဲ့ အစဉ်အလာကောင်းတွေရှိတယ်။ အမှန်နဲ့အမှားမှာ အမှန်ဘက်က၊ တရားနဲ့ မတရားမှာ တရားတဲ့ဘက်က၊ အာဏာရှိသူနဲ့ အာဏာမဲ့သူမှာ အာဏာမဲ့သူ၊ အားနွဲ့သူဘက်က အများပြည်သူ အကျိုးစီးပွားအပေါ် အခြေခံရပ်တည်ခဲ့ကြတယ်"**

ဒါပေမဲ့လို့ မြန်မာနိုင်ငံမှာရှိခဲ့ကြတဲ့ ဗုဒ္ဓဘာသာ ရဟန်းသံဃာတော်များ နိုင်ငံရေးမှာပါဝင်လှုပ်ရှားနေတာကို ကျွန်တော်မကြားခဲ့ဖူးပါဆိုပြီးတော့တွေ့ရတယ်။ ဒါနဲ့ပတ်သတ်လို့ဒါယကာတော်အနေနဲ့ မသိလို့ မသိတာလား၊ ဒါမှမဟုတ် သိသိကြီးနဲ့ မြန်မာနိုင်ငံ ဗုဒ္ဓဘာသာဘုန်းတော်ကြီးများကို အထင်သေးအမြင်သေးနဲ့ တာဝန်မဲ့ကြောင်း ထောက်ပြလိုတဲ့ သဘောလား။ အင်း....ဒါမှမဟုတ် လုပ်ဆောင်မှုအပေါ် အားမလိုအားမရ ဖြစ်နေလို့လား။ တွေးတောစရာတွေဖြစ်လာတယ်။ မြန်မာနိုင်ငံ ဗုဒ္ဓဘာသာဘုန်းတော်ကြီးများဟာ ပြည်သူတွေဖက်က သမိုင်းနဲ့ချီပြီး ခိုင်မာစွာရပ်တည်ခဲ့ကြတဲ့ အစဉ်အလာကောင်းတွေ ရှိတယ်။ အမှန်နဲ့အမှားမှာ အမှန်ဘက်က၊ တရားနဲ့ မတရားမှာ တရားတဲ့ ဘက်က၊ အာဏာရှိသူနဲ့ အာဏာမဲ့သူမှာ အာဏာမဲ့သူ အားနွဲ့သူဘက်က အများပြည်သူ အကျိုးစီးပွားအပေါ် အခြေခံရပ်တည်ခဲ့ကြတယ်။ မြန်မာ့သမိုင်းမှာ အင်မတန် ထင်ရှားတဲ့ ဖြစ်ရပ်တွေပါပဲ။ ဒါဟာ လူသားတွေရဲ့အကျိုးငှာ အစီးအပွားအလို့ငှာ ချမ်းသာစေခြင်းငှာ၊ ဤလောကမှာ ဗုဒ္ဓပွင့်ပေါ်လာခဲ့တယ် ဆိုတဲ့ ဗုဒ္ဓပွင့်ပေါ်လာရခြင်းရဲ့ အခြေခံမူတွေနဲ့လဲ ကိုက်ညီတယ်လို့ ဆိုရပါလိမ့်မယ်။

**အတိတ်သမိုင်းမှာလဲ တာဝန်မမဲ့ခဲ့ကြဘူး။**

၁၉၀၄ ခုနှစ်ကစပြီး ၁၉၄၈ ခုနှစ်အထိ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းခဲ့စဉ်ကလဲ ဗုဒ္ဓဘာသာ သံဃာတော်များဟာ ရှေ့တန်းကျကျ ပါဝင်ခဲ့ကြတယ်။ အဲဒီမှာ အထင်ရှားဆုံး ဗုဒ္ဓဘာသာ ဘုန်းတော်ကြီး (၂)ပါးကတော့ ဆရာတော်ဦးဥတ္တမနဲ့ ဆရာတော်ဦးဝိစာရ ဆရာတော်များပါပဲ။ ဆရာတော် ဦးဥတ္တမဟာ မြန်မာ၊ ပါဠိ၊ ဟိန္ဒူ၊ သက္ကတ၊ ဘင်္ဂါလီ၊ နာဂရီ၊ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျပန်၊ တိဘက်နဲ့ မိခင်ဘာသာဖြစ်တဲ့ ရခိုင်စကားများကိုပြောတတ်ပြီး တိဘက်မှအပ ကျန်ဘာသာ (၁၀)ဘာသာကို စာပေကိုပါကျွမ်းကျင်တတ်မြောက်ခဲ့တယ်။ ဆရာတော်ဦးဥတ္တမဟာ အိန္ဒိယ၊ အင်္ဂလန်နဲ့ ဂျပန်နိုင်ငံတွေမှာ သွားရောက်ပညာသင်ကြားခဲ့တယ်။ ပြီးတော့ အိန္ဒိယ၊ ပြင်သစ်၊ စကာ်ပူ၊ ဂျပန်၊ ကိုရီးယား၊ တရုတ်၊ ဗီယက်နမ်၊ အီဂျစ်၊ ကမ္ဘောဒီးယား၊ ထိုင်း၊ သီရိလင်္ကာ၊ ဖြိတိန်၊ နော်ဝေး၊ ဆွီဒင်၊ ဒိန်းမတ်၊ ဂျာမနီ၊ နယ်သာလန် နိုင်ငံတွေကို သွားရောက်လေ့လာခဲ့တဲ့အပြင် ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ ဗုဒ္ဓဘာသာသိပ္ပံကျောင်းကြီးမှာ ပါဠိနဲ့ သင်္ကရိုက်ဘာသာ ပါမောက္ခအဖြစ်ဆောင်ရွက်ခြင်း အန္ဒိယနိုင်ငံ ဟိန္ဒူမဟာဆပ်ဗာအသင်းကြီးရဲ့ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခြင်း စသဖြင့်လည်း ဝင်ရောက်လုပ်ကိုင်ခဲ့တယ်။ တရုတ်ပြည်ခေါင်းဆောင်ကြီး ဒေါက်တာ ဆွန်ယက်ဆင်၊ အိန္ဒိယခေါင်းဆောင်ကြီးတွေဖြစ်ကြတဲ့ မဟတ္တမဂန္ဒီ၊ ဝန်ကြီးချုပ်နေရူး၊ ပါတော်မူ သီပေါဘုရင်၊ မြင်ကွန်းမင်းသားကြီးစတဲ့ ပုဂ္ဂိုလ်ကျော်တွေနဲ့လဲ တိုင်ပင်ဆွေးနွေးခဲ့တယ်။

ဆရာတော်ဦးဥတ္တမရဲ့ ရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံလွတ်လပ်ရေးသာ မဟုတ်ဘူး။ အာရှတတိုက်လုံး ကိုလိုနီဘဝမှ လွတ်မြောက်ရေးကိုပါ ကြိုးစားခဲ့တာဖြစ်ခဲ့တယ်။

ဆရာတော်ဦးဝိစာရကတော့ ပညာရေးနဲ့ ဘာသာစကားတွေများများ မတတ်မြောက်ခဲ့ပေမဲ့ ထင်ရှားတဲ့ ပခုက္ကူမြို့ရှိ ပါဠိစာပေသင်ကြားတဲ့ စာသင်တိုက်ကြီးတွေမှာ ပါဠိဘာသာဖြင့် ဗုဒ္ဓစာပေသင်ကြားပေးတဲ့ ဆရာတဆူဖြစ်ခဲ့တယ်။ မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုကြောင့် ထောင်ဒဏ်ကျခံရရာက အကျဉ်းထောင်အတွင်းမှာ အစာတော်ခံပြီး တိုက်ပွဲဝင်ရင်း ရက်ပေါင်း (၁၀၀)ကျော်မှာ ပျံလွန်တော်မူသွားခဲ့လို့ အင်မတန်ထင်ရှားတဲ့ သံဃာ့အာဇာနည်တပါး ဖြစ်ခဲ့တယ်။ ဒါဟာ ထင်ရှားတဲ့ ဗုဒ္ဓဘာသာသံဃာတော် (၂) ပါးကို ပြောပြတာပါပဲ။ အခြားလဲ မိမိတိုင်းပြည်အရေးအတွက် ကြိုးပမ်းခဲ့ကြတဲ့ ဗုဒ္ဓဘာသာသံဃာတော်တွေ အများအပြားရှိတယ်။

**ဖိနှိပ်မှုနဲ့ တွန်းလှန်မှု**

မြန်မာ့လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း ၁၉၆၂ ခုနှစ်ကစပြီး မြန်မာနိုင်ငံမှာ အာဏာရှင်စနစ် အမြစ်တွယ်စပြုလာတဲ့ အချိန်မှာ နိုင်ငံတော်အာဏာ သိမ်းယူခဲ့တဲ့ အာဏာရှင်ဗိုလ်နေဝင်းအစိုးရဟာ ကျောင်းသားတွေကို ချုပ်ကိုင်ဖို့ကြိုးစားသလို ဗုဒ္ဓဘာသာ ရဟန်းသံဃာတော်များကိုလဲ ၁၉၆၅ ခုလောက်မှာချုပ်ကိုင်ဖို့ ကြိုးစားခဲ့တယ်။ ၁၉၆၅ ခုနှစ် မှော်ဘီသံဃာ့အစည်းအဝေးပွဲမှာ စစ်အစိုးရရဲ့ သံဃာတွေကို ထိန်းချုပ်ဖို့ ရေးဆွဲထားတဲ့ အစီအစဉ်တွေကိုတင်ပြတော့ သံဃာတွေက လက်မခံကြဘူး။ ❖

ရှေ့အပတ်တွင် ဆက်လက်ဖော်ပြပါမည်။

# ဦးရေဝတငြိမ်းချမ်းရေးဆု ပထမဆုံးချီးမြှင့် စစ်အကျဉ်းထောင်အတွင်းမှ ရဟန်းတော်ရရှိ



ဆရာတော် ဦးရေဝတ

မြန်မာ့ဒီမိုကရေစီရေးအတွက် အသက်စွန့်ကြိုးပမ်းခဲ့သည့် ဆရာတော် ဦးရေဝတကို ဂုဏ်ပြုခြင်းနှင့် မြန်မာ့ဒီမိုကရေစီရေးအတွက်တောင်းဆို ဆန္ဒပြခဲ့ကြသော (၈) လေးလုံး အရေးတော်ပုံကြီးကို ဂုဏ်ပြုခြင်း စသည့် ရည်ရွယ်ချက်များဖြင့် ဦးရေဝတ အမှတ်တရ ငြိမ်းချမ်းရေးဆု ပေးအပ်ခြင်း အခမ်းအနားတရပ်ကို မြန်မာနိုင်ငံလုံးဆိုင်ရာ ရဟန်းပျိုများသမဂ္ဂ (အိန္ဒိယနိုင်ငံ)က အိန္ဒိယနိုင်ငံ၌ ဦးဆောင်ကျင်းပခဲ့သည်။

အဆိုပါဆုမှာ ဒီမိုကရေစီရေးလှုပ်ရှားမှုများတွင် မြန်မာပြည်သူ/ပြည်သား ပစ္စည်းလေးပါး ဒယကာ၊ ဒယိကာမများနှင့်အတူ ရှေ့တန်းမှပါဝင်ခဲ့ပြီး စစ်အုပ်စု၏ ဖမ်းဆီးခြင်းကိုခံခဲ့ရကာ ထောင်တွင်း၌ နှိပ်စက်ညှဉ်းပန်းမှုများကြောင့် ကွယ်လွန်ခဲ့ရသည့် မန္တလေးမြို့ လေးပြင်လေးရပ် သံဃာ့သမဂ္ဂီ ဥက္ကဋ္ဌဆရာတော် ဦးရေဝတ အမှတ်တရ ငြိမ်းချမ်းရေးဆုဖြစ်ပြီး ပထမဆုံး ချီးမြှင့်ခံရသည့်ပုဂ္ဂိုလ်မှာ မြန်မာ့ဒီမိုကရေစီရေးအတွက် ကိုယ်ကျိုးစွန့်ဆောင်ရွက်မှုကြောင့် စစ်ကိုင်းတိုင်း၊ ကလေးမြို့အကျဉ်းထောင်တွင် ဖမ်းဆီးခြင်းခံထားရသည့် ဆရာတော် ဦးစန္ဒာသီရိ ဖြစ်သည်။

ဆုချီးမြှင့်ခြင်းနှင့် ပတ်သက်၍ မြန်မာနိုင်ငံလုံးဆိုင်ရာ ရဟန်းပျိုများသမဂ္ဂ (အိန္ဒိယနိုင်ငံ)၏ တာဝန်ခံ နယူးဒေလီမြို့ (၈)လေးလုံးကျောင်းတိုက် ဆရာတော် ဦးပညာဝရက မြွက်ကြားရှင်းပြရာတွင် .... ထို့ပြင်စစ်ကိုင်းတိုင်း ကလေးအကျဉ်းထောင်တွင် အကျဉ်းကျခံနေရစဉ်အတွင်း ဆရာတော်သည် အကျဉ်းသားများ အခွင့်အရေးဆုံးရှုံးနေသည့်အတွက် ထောင်အာဏာပိုင်များထံတွင် တောင်းဆိုမှု ပြုလုပ်ခဲ့ရာ ထိုသို့ ပြုလုပ်မှုကြောင့် တိုက်ပိတ်ခံခဲ့ရပြန်သည်။

ဆရာတော်ဦးစန္ဒာသီရိ၏ ကိုယ်ကျိုးစွန့်မှု၊ အမှန်တရားအပေါ် ချစ်မြတ်နိုးတန်ဖိုးထားမှုများနှင့် မတရားမှုကို ဒူးမထောက်၊ လက်မမြှောက် ရဲရဲဝံ့ဝံ့ရင်ဆိုင်ခဲ့မှုတို့အတွက် ယခုလို ဆုချီးမြှင့်ခံရခြင်းဖြစ်သည်။

အဆိုပါဆုကို ဆရာတော်ဦးရေဝတ ကွယ်လွန်ခဲ့သည့် (၄)နှစ်မြောက်နေ့ဖြစ်သည့် ဇန်နဝါရီလ (၂၉)ရက်နေ့တွင် ချီးမြှင့်ခဲ့ခြင်း ဖြစ်ကြောင်းသိရသည်။ ဆုချီးမြှင့်ခြင်း

## ဆရာတော်ဦးရေဝတလို အမှန်တရားအပေါ် ရဲရဲဝံ့ဝံ့ရင်ဆိုင်ပြီး ကိုယ်ကျိုးစွန့် အနစ်နာခံသည့် ရဟန်းသံဃာတော်များ ပေါ်ပေါက်လာစေရန် ရည်ရွယ်ချက်နှင့်

"ဆရာတော်ဦးရေဝတလို အမှန်တရားအပေါ် ရဲရဲဝံ့ဝံ့ရင်ဆိုင်ပြီး ကိုယ်ကျိုးစွန့် အနစ်နာခံသည့် ရဟန်းသံဃာတော်များ ပေါ်ပေါက်လာစေရန် ရည်ရွယ်ချက်၊ ဆရာတော်ဦးရေဝတလို ဂုဏ်ပြုသင့် ဂုဏ်ပြုထိုက်သည့် ပုဂ္ဂိုလ်တွေကို နောင်လာမည့် ရဟန်းသံဃာမျိုးဆက်သစ်များမှ လေးစားဂုဏ်ယူစိတ်များဖြစ်ပေါ်လာအောင် ဆိုသည့် ရည်ရွယ်ချက်တို့နှင့် ဆရာတော်ဦးရေဝတ ငြိမ်းချမ်းရေးဆုကို ယခုလိုချီးမြှင့်တာ ဖြစ်ပါတယ်" ဟု မြွက်ကြားသွားခဲ့သည်။

ဆုချီးမြှင့်ခံရသည့် ဆရာတော်ဦးစန္ဒာသီရိသည် ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲအပြီးတွင် နအဖစစ်အစိုးရက ပြည်သူလူထုကို ပေးခဲ့သည့်ကတိအတိုင်း အနိုင်ရပါတီကို အာဏာလွှဲပြောင်းပေးရန်အတွက် ဆူးလေစေတီအနီးတွင် တကိုယ်တော်ဆန္ဒပြခဲ့သည့်အတွက် နအဖကဖမ်းဆီးကာ ထောင်ဒဏ် (၅)နှစ် အပြစ်ပေးခြင်းခံခဲ့ရသည်။

ထောင်မှလွတ်လာပြီး နောက်တဖန် ၁၉၉၆ ခုနှစ်ကျောင်းသားများဆန္ဒပြပွဲတွင် ဦးစန္ဒာသီရိသည် ထောင်ဒဏ်ကိုမမှုဘဲ ကျောင်းသားများကို ကူညီပံ့ပိုးမှုပြုခဲ့သည့်အတွက် နောက်တကြိမ်ထောင်ဒဏ်ချမှတ်ခံခဲ့ရသည်။

အခမ်းအနားနေ့မှာပင် မြန်မာနိုင်ငံလုံးဆိုင်ရာ ရဟန်းပျိုများသမဂ္ဂ (အိန္ဒိယနိုင်ငံ)မှ ကြေညာချက်တစောင်ထုတ်ပြန်ခဲ့ရာ၌ မန္တလေးမြို့၊ လေးပြင်လေးရပ် သံဃာ့သမဂ္ဂီ ဥက္ကဋ္ဌ ဆရာတော်ဦးရေဝတ ကွယ်လွန်ခဲ့သည့်အတွက် ဝမ်းနည်းကြေကွဲရပါကြောင်း၊ စစ်အစိုးရသည် တိုင်းပြည်တွင် ဒီမိုကရေစီ ဖော်ဆောင်ရေးအတွက် ဆောင်ရွက်ပါမည် ဟုပြောဆိုခဲ့သော်လည်း ဒီမိုကရေစီရေးအတွက် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခဲ့သည့် သံဃာတော်များကို ဖမ်းဆီးအကျဉ်းချထားကြောင်း၊ မကြာသေးခင်ကလည်း ရန်ကုန်မြို့တော်ခန်းမရှေ့ ဆူးလေစေတီအနီးတွင်ဆန္ဒပြခဲ့ကြသည့် သီလရှင်(၂)ပါးကို ဖမ်းဆီးခဲ့ကြောင်း၊ ထိုလုပ်ရပ်တို့သည် အခြေခံလူ့အခွင့်အရေးကို ချိုးဖောက်ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ဆရာလေးနှစ်ပါး အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံးကို ခြွင်းချက်မရှိ လွှတ်ပေးရန်၊ တိုင်းရင်းသားလူမျိုးစုများဒေသတွင် ထိုးစစ်ဆင်နွှဲနေမှုကို အမြန်ဆုံး ရပ်တန့်ပေးရန်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က တောင်းဆိုထားသည့် နိုင်ငံရေးပြဿနာများအား နိုင်ငံရေးအရ ဖြေရှင်းရန်အတွက် တွေ့ဆုံဆွေးနွေးရန် တိုက်တွန်းထားသည်ဟု သိရသည်။ ❖

# ပြင်သစ်အခြေစိုက်နယ်ခြားမဲ့သတင်းထောက်များအဖွဲ့ အာရှ–ပစိဖိတ် ဒေသရေးရာတာဝန်ခံ မစ္စတာဗင်းဆင့်ဘရိုဆယ်နှင့် ဆက်သွယ်မေးမြန်းခြင်း




*Vincent Brossel*

**သတင်းစာသမားတယောက်ကို အကျဉ်းချခြင်း၊ ဒါမှမဟုတ် သတ်ဖြတ်ခြင်းဟာ အဖြစ်အပျက်တွေမှာ အရေးကြီးတဲ့ မျက်မြင်သက်သေတယောက်ကို ဖယ်ရှားတာဖြစ်တဲ့အပြင်၊ ကျနော်တို့အားလုံးရဲ့ သတင်းအချက်အလက်များ ရရှိခံစားခွင့်ကိုလည်း ခြိမ်းခြောက်တာ ဖြစ်ပါတယ်**

**မိုးကြိုး** – နယ်ခြားမဲ့သတင်းထောက်များအဖွဲ့ ဖွဲ့စည်းရခြင်းရဲ့ ရည်ရွယ်ချက်ကို ရှင်းပြပေးပါလား ခင်ဗျား။

**ဗင်းဆင့်** – နယ်ခြားမဲ့သတင်းထောက်များအဖွဲ့ဟာ ပြည်သူလူထုအကျိုးစီးပွားအတွက် ဆောင်ရွက်နေတဲ့ ပြင်သစ်ပြည်မှာ တရားဝင်အသိအမှတ်ပြုခံထားရတဲ့ အသင်းအဖွဲ့တခုဖြစ်ပါတယ်။ ကမ္ဘာ့ပြည်သူအားလုံးရဲ့သုံးပုံတပုံကျော်ဟာ သတင်းစာလွတ်လပ်ခွင့်မရှိတဲ့ တိုင်းပြည်တွေမှာ နေထိုင်နေကြရပါတယ်။ နယ်ခြားမဲ့သတင်းထောက်များအဖွဲ့ဟာ သတင်းအချက်အလက်တွေ သိစေနိုင်ဖို့ဆိုတဲ့ လူသားများရဲ့ အခွင့်အရေးတွေကို ပြန်လည်ရရှိဖို့ အဆက်မပြတ် လုပ်ဆောင်နေပါတယ်။ ကျနော်တို့တွေကို သတင်းတွေ အဆက်မပြတ်ပေးပို့နိုင်ဖို့ အလုပ်တွေလုပ်ခဲ့ကြတဲ့ သတင်းစာသမား (၃၁)ယောက်ဟာ ၂၀၀၁ ခုနှစ်မှာ သူတို့ရဲ့အသက်တွေကို စွန့်လွှတ်ခဲ့ကြရတယ်။ ဒီနေ့အခါမှာ ကမ္ဘာတဝှမ်းလုံးက သတင်းစာသမား(၁၂၀)ကျော်ဟာ သူတို့အလုပ်အတွက်အကျဉ်းထောင်မှာ နေရပါတယ်။ နီပေါမှာ၊ အီရီထရီးယားမှာ၊ တရုတ်မှာ .... သူတို့ဟာ စကားတလုံး၊ ဓာတ်ပုံတပုံ မှားယွင်းစွာ အသုံးပြုမိရုံလေးနဲ့ အကျဉ်းထောင်ထဲမှာ နှစ်ပေါင်းများစွာ နေရနိုင်တယ်။

သတင်းစာသမားတယောက်ကို ဖမ်းဆီးခြင်း ဒါမှမဟုတ် သတ်ဖြတ်ခြင်းဟာ အရေးပါတဲ့ မျက်မြင်သက်သေတယောက်ကို ဖျောက်ဖျက်သလို ဖြစ်တယ်လို့ နယ်ခြားမဲ့သတင်းထောက်များအဖွဲ့က ယုံကြည်တယ်။ နောက်ပြီး လူတိုင်း လူတိုင်းရဲ့ သတင်းများ ရရှိခံစားနိုင်ခွင့်ကို ခြိမ်းခြောက်တာလို့လဲ ယုံကြည်တယ်။ ဒီလက်တွေ့ဖြစ်ရပ်တွေကို တိုက်ပွဲဝင်နေတာ ၁၇ နှစ်ကျော် ကြာခဲ့ပါပြီ။

**မိုးကြိုး** – နယ်ခြားမဲ့သတင်းထောက်များအဖွဲ့က ကမ္ဘာတဝှမ်းလုံးမှာ ဘယ်လိုလုပ်ငန်းမျိုးတွေ လုပ်ကိုင်ဆောင်ရွက်နေပါသလဲခင်ဗျား။

**ဗင်းဆင့်** – နေ့စဉ်နှင့်အမျှ ခြိမ်းခြောက်ခံနေရတဲ့ သတင်းစာလွတ်လပ်ခွင့်တွေကို ကာကွယ်ရာမှာ နယ်ခြားမဲ့သတင်းထောက်များအနေနဲ့ သတင်းထောက်(၁၀၀)ကျော်ရှိတဲ့အဖွဲ့ရဲ့ သတင်းကွန်ယက်ကနေ အဆက်မပြတ် နိုးနိုးကြားကြားရှိနေပြီး စာနယ်ဇင်းများနဲ့ ပြည်သူလူထု အမြင်တွေကို သတင်းစာရှင်းလင်းပွဲတွေကတဆင့် သတင်းများ သိရှိစေခြင်းအားဖြင့် ဖြစ်စေ၊ ပြည်သူလူထု အသိနိုးကြားစေရေး လှုပ်ရှားမှုများ ဆောင်ရွက်ခြင်းအားဖြင့် ဖြစ်စေ ကမ္ဘာတဝှမ်းလုံးမှာရှိတဲ့ သတင်းစာလွတ်လပ်ခွင့်အပေါ် တိုက်ခိုက်နေမှုတွေကို ပြင်းပြင်းထန်ထန် ရှုတ်ချပါတယ်။

အသင်းအဖွဲ့အနေနဲ့ သတင်းစာသမားတွေ၊ အခြားစာနယ်ဇင်းနယ်ပယ်က စာရေးသူတွေနဲ့ သူတို့အလုပ်ကို သူတို့လုပ်ရင်း အကျဉ်းကျခံရတဲ့၊ ဒါမှမဟုတ် ပြစ်ဒဏ်စီရင်ခြင်းခံရတဲ့ တတ်သိပညာရှင်တွေကို ခုခံကာကွယ်မှု ပေးပါတယ်။

အဖွဲ့အစည်းအနေနဲ့ သူတို့ရဲ့ နိုင်ငံတွေမှာ ခြိမ်းခြောက်ခံနေရတဲ့ သတင်းသမားတွေကို အထောက်အပံ့ပေးပါတယ်။ သူတို့မိသားစုတွေရဲ့ လိုအပ်မှုအတွက် ဘဏ္ဍာရေးအထောက်အပံ့နဲ့ အခြားအထောက်အပံ့ ပုံစံမျိုးတွေ ပေးပါတယ်။

နယ်ခြားမဲ့သတင်းထောက်များအနေနဲ့ ဆင်ဆာဖြတ်တောက်ခြင်း လျှော့ကျစေဖို့နဲ့ သတင်းစာလွတ်လပ်ခွင့်ကိုချုပ်ခြယ်ဖို့ ရေးဆွဲထားတဲ့ ဥပဒေများကို ဆန့်ကျင်ရေးတိုက်ပွဲဝင်နေပါတယ်။

အသင်းအဖွဲ့အနေနဲ့လည်းပဲ ကမ္ဘာအနှံ့မှာရှိတဲ့ အထူးသဖြင့် စစ်ဖြစ်ပွားနေတဲ့ ဒေသတွေမှရှိတဲ့ သတင်းစာသမားများရဲ့ လုံခြုံမှု တိုးတက်စေဖို့ကိုလည်း လုပ်ဆောင်နေပါတယ်။ စာနယ်ဇင်းအဖွဲ့များ ပြန်လည်ထူထောင်ရာမှာပါဝင်ဖို့နဲ့ ရုပ်ဝတ္ထုအထောက်အပံ့တွေပေးဖို့ ကတိကဝတ်ပြုပါတယ်။

နောက်ဆုံးအနေနဲ့ ၂၀၀၂ ခုနှစ် ဇန်နဝါရီလ "ဒါမိုကယ်ကွန်ယက်"ကို တည်ထောင်ခဲ့တဲ့ အချိန်ကတည်းက နယ်ခြားမဲ့သတင်းထောက်များဟာ တရားစီရင်ရေးလက်နက်ကို ရရှိခဲ့ပါတယ်။ သတင်းစာသမားတွေကို သတ်ဖြတ်သူတွေနဲ့ နှိပ်စက်ညှဉ်းပန်းသူတွေကို တရားရုံးမှာ တရားစွဲဆိုနိုင်ရေး အာမခံစေဖို့ ဒီကွန်ယက်က ဒုက္ခရောက်နေသူတွေအတွက် ဥပဒေအကျိုးဆောင်လုပ်ငန်းတွေကို လုပ်ပေးတယ်။ သင့်လျော်တဲ့တရားစီရင်ရေး လုပ်ထုံးလုပ်နည်းတွေကို အကောင်အထည်ဖော်နိုင်စေဖို့ အခွင့်အာဏာရှိတဲ့ ပြည်တွင်းနဲ့ အပြည်ပြည်ဆိုင်ရာ တရားရုံးတွေရှေ့မှောက်မှာ သူတို့ကို ကိုယ်စားပြုပေးတယ်။

**မိုးကြိုး** – သာယာဝတီ (ဒေါ်)စမ်းစမ်းနွဲ့ကို ၁၉၉၉ ခုနှစ်အတွက် နယ်ခြားမဲ့သတင်းထောက်များအဖွဲ့က ဆုပေးရာမှာ အဓိကဘယ်လိုအချက်တွေကြောင့် ရွေးချယ်ခဲ့တာပါလဲ။

**ဗင်းဆင့်** – သတင်းစာသမားတယောက်ကို အကျဉ်းချခြင်း၊ ဒါမှမဟုတ် သတ်ဖြတ်ခြင်းဟာ အဖြစ်အပျက်တွေမှာ အရေးကြီးတဲ့ မျက်မြင်သက်သေတယောက်ကို ဖယ်ရှားတာဖြစ်တဲ့အပြင် ကျနော်တို့အားလုံးရဲ့ သတင်းအချက်အလက်များ ရရှိခံစားခွင့်ကိုလဲ ခြိမ်းခြောက်တာ ဖြစ်ပါတယ်။ ဒါကြောင့် နယ်ခြားမဲ့သတင်းထောက်များအဖွဲ့နဲ့ ပြင်သစ်ဖောင်ဒေးရှင်းအဖွဲ့တို့က သူတို့ရဲ့ အသက်မွေးဝမ်းကြောင်းလုပ်ငန်းကနေ၊ ဒါမှမဟုတ် မူချထားတဲ့ ရပ်တည်ချက်တခုကနေ သတင်းလွတ်လပ်မှုကို အလေးထား လုပ်ဆောင်ကြတဲ့ သတင်းစာသမားတွေကို ဆုချီးမြှင့်ပါတယ်။ အရင်တုန်းက ဒီဆုကိုရရှိသူတွေကတော့.... ဇလပ်ကို ဒဇ်ဒရဲဗစ် (ဘော့စနီးယား၊ ဟာဇီဂိုဗီးနား၊ ၁၉၉၂)၊ ဝမ်ဂျွန်တောက်(တရုတ်၊ ၁၉၉၃)၊ အင်ဒရေဆီဘိုမာန (ရဝမ်ဒါ၊ ၁၉၉၄)၊ ခရစ်စ်အန်ယန်ဝူ(နိုက်ဂျီးရီးယား၊ ၁၉၉၅)၊ အီဆစ်ရှပ်ကု(တူရကီ၊ ၁၉၉၆)၊ ရောရီဗာရို (ကျူးဘား၊ ၁၉၉၇)၊ နီဇာနေယုဖ်(ဆီးရီးယား၊ ၁၉၉၈)နဲ့ စမ်းစမ်းနွဲ့ (သာယာဝတီ) က ၁၉၉၉ ခုနှစ်မှာ ရရှိတာ ဖြစ်ပါတယ်။ အဲဒီနောက် ၂၀၀၀ ခုနှစ်မှာ ကာမင်ဂါးရချာဂ(စပိန်)၊ ၂၀၀၁ ခုနှစ်မှာ ရီဇာအလီဂျာနီ(အီရန်) နဲ့ ဂရီဂိုရီပတ်စ်ကို(ရုရှား)က ၂၀၀၂ ခုနှစ်မှာ ဆုရရှိကြပါတယ်။

နယ်ခြားမဲ့သတင်းထောက်များအဖွဲ့နဲ့ ပြင်သစ်ဖောင်ဒေးရှင်းကပေးတဲ့ ဆုကို ဆယ်ယောက်မြောက်အဖြစ် ဆုချီးမြှင့်အပြီး ရက်သတ္တပတ်အနည်းငယ်အကြာ ၂၀၀၁ ခုနှစ်၊ ဒီဇင်ဘာမှာ ရီဇာအလီဂျာနီကို ပြန်လွှတ်ပေးခဲ့ပါတယ်။ ဒီဆုကိုပဲ (၁၁) ယောက်မြောက် ချီးမြှင့်ခံရအပြီး ၂၀၀၃ ခုနှစ်၊ ဇန်နဝါရီလမှာ ဂရီဂိုရီပတ်စ်ကို ကို ပြန်လွှတ်ပေးခဲ့ပါတယ်။

စမ်းစမ်းနွဲ့ကို ဆုချီးမြှင့်ခဲ့ရခြင်းဟာ လွတ်လပ်မှုကိုချစ်မြတ်နိုးတဲ့အတွက် ဖမ်းဆီးခံခဲ့ရတဲ့ သူ့လိုအမျိုးသမီးတဦးကို နယ်ခြားမဲ့သတင်းထောက်အဖွဲ့နဲ့ ပြင်သစ်ဖောင်ဒေးရှင်း အဖွဲ့အနေနဲ့ ဂုဏ်ပြုခြင်းပဲ ဖြစ်ပါတယ်။

ခုချိန်ခါမှာ မြန်မာပြည်က သတင်းသမားအများစုဟာ အဖမ်းဆီးခံနေကြရပြီး ခက်ခက်ခဲခဲ အခြေအနေတွေ ရင်ဆိုင်နေကြရပါတယ်။ ဒါကြောင့် ဒီအခြေအနေတွေပေါ်မှာ အလေးထားလုပ်ဆောင်ဖို့ တကယ့်ကိုပဲ လိုအပ်ပါတယ်။ ဒေါ်စမ်းစမ်းနွဲ့ဟာ နယ်ခြားမဲ့သတင်းထောက်များအဖွဲ့ရဲ့ ဆုကိုရရှိပြီးနောက်မှာ ယူနက်စကိုအဖွဲ့ကြီးကလည်း သူ့ကိုဆုချီးမြှင့်ခဲ့ပါတယ်။ စာနယ်ဇင်းများနဲ့ အဖွဲ့အစည်းများကလည်း သူရင်ဆိုင်ခဲ့ရတဲ့ အမှုကို ခုခံလျှောက်လဲဖို့ လုပ်ဆောင်ခဲ့ကြပါတယ်။ နယ်ခြားမဲ့သတင်းထောက်များအဖွဲ့က ပေးတဲ့ဆုက ဒေါ်စမ်းစမ်းနွဲ့လွတ်မြောက်ဖို့ ကူညီလိုက်တယ်ဆိုတာကို လက်ခံဖို့ကတော့ အလွန့်ကိုပဲခက်ခဲပါသေးတယ်၊ ဒါပေမယ့် အနည်းဆုံးတော့ အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းကို သူရင်ဆိုင်နေရတဲ့အမှုနဲ့ ပတ်သက်လို့တော့ သတိပေးလိုက်နိုင်ပါတယ်။

**မိုးကြိုး** – အကျဉ်းထောင်ထဲမှာ ရောက်နေတဲ့ သတင်းစာနယ်ဇင်းသမားအားလုံး၊ အထူးသဖြင့် ဦးဝင်းတင်လို သတင်းစာသမားတွေကို လွတ်မြောက်စေဖို့ နယ်ခြားမဲ့သတင်းထောက်များအဖွဲ့အနေနဲ့ ဘာများ အထောက်အကူပြုပေးနိုင်ပါသလဲ။

**ဗင်းဆင့်** – အဓိကအနေနဲ့ ဆန့်ကျင်ကန့်ကွက်တဲ့ လှုပ်ရှားမှုတွေ၊ စာနာထောက်ထားမှု တောင်းဆိုလှုပ်ရှားမှုတွေနဲ့ ကုလသမဂ္ဂအပါအဝင် ဥရောပသမဂ္ဂနိုင်ငံတွေကို စည်းရုံးလှုံ့ဆော်မှုတွေ ပြုလုပ်ပါတယ်။ ဦးဝင်းတင်နဲ့ အခြားသတင်းသမားတွေကို ထောက်ခံနေတဲ့ ကုလသမဂ္ဂအပါအဝင် ကမ္ဘာ့ပြည်သူအားလုံးကို သူ့ရဲ့အခြေအနေ၊ အထူးသဖြင့် သူ့ရဲ့ကျန်းမာရေးအခြေအနေနဲ့ပတ်သက်ပြီး ပုံမှန်သတင်းပေးနေဖို့လည်း လိုအပ်ပါတယ်။

**မိုးကြိုး** – စစ်အစိုးရဖယ်ရှားပြီးတဲ့နောက် မြန်မာပြည်မှာ လွတ်လပ်တဲ့သတင်းစာမီဒီယာထူထောင်ရာမှာ နယ်ခြားမဲ့သတင်းထောက်များအဖွဲ့အနေနဲ့ ဘယ်လိုအကူအညီမျိုးတွေ ပေးနိုင်ပါသလဲ။ (RSF) လို သတင်းမီဒီယာအဖွဲ့ ထူထောင်ဖို့ မြန်မာပြည်သတင်းစာသမားတွေအတွက် သင့်လျော်တယ်လို့ ခင်ဗျားအနေနဲ့ ထင်ပါသလား။

**ဗင်းဆင့်** – နယ်ခြားမဲ့သတင်းထောက်များအဖွဲ့ဟာ သတင်းစာလွတ်လပ်ခွင့်ကို ဆောင်ရွက်နေတဲ့ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်း (NGOs)တခုဖြစ်ပါတယ်။ ဒါကြောင့် ရေရှည်မှာ မီဒီယာတွေကိုထောက်ပံ့ဖို့ဆိုတာ ကျနော်တို့အလုပ် မဟုတ်ပါဘူး။ (NGOs)တွေနဲ့ ယူနက်စကို(UNESCO)၊ ဒါမှမဟုတ် သတင်းမီဒီယာ ဖွံ့စည်းရေးအတွက်ထောက်ပံ့နေတဲ့ ဥရောပသမဂ္ဂလို အဖွဲ့အစည်းတွေရှိပါတယ်။ ဒါပေမယ့် ထူးခြားမှုအနေနဲ့ ဒီမိုကရေစီပြန်ရပြီးတဲ့နောက်မှာ သတင်းစာလွတ်လပ်မှုကို တည်ဆောက်ဖို့နဲ့ ကာကွယ်ဖို့အတွက် လွတ်လပ်တဲ့ မြန်မာသတင်းစာသမားတွေကို (RSF)က ကူညီပါ့မယ်။ ထူးခြားမှုနောက်တခုက ကျနော်တို့အနေနဲ့ လွတ်လပ်တဲ့သတင်းစာအသင်းအဖွဲ့တွေရဲ့ ဆောင်ရွက်မှုတိုင်းကို ကူညီပါတယ်။ ဒါကြောင့် မြန်မာပြည်သတင်းမီဒီယာထူထောင်ရေးကို ကြိုဆိုခဲ့တာပါ။ သတင်းစာလွတ်လပ်မှုအတွက် အတူတကွ အလုပ်လုပ်ကြရာမှာ သူတို့ရဲ့ မီဒီယာအသီးသီးမှာ အပြိုင်အဆိုင်ရှိခဲ့ရင်တောင်မှ ဒါဟာ မြန်မာသတင်းစာသမားတွေအတွက် တကယ့်ကိုပဲ အရေးကြီးပါတယ်။ ဒီမိုကရေစီရပြီးနောက်မှာ ပြည်ပက သတင်းစာသမားတွေဟာ အဓိကကျတဲ့ အခန်းကဏ္ဍကနေ ပါဝင်လုပ်ဆောင်ရပါလိမ့်မယ်။ တိုင်းပြည်မှာ အားကောင်းပြီး လွတ်လပ်တဲ့ သတင်းစာတွေ၊ ရေဒီယိုနဲ့ ရုပ်မြင်သံကြားဌာနတွေ လိုအပ်ပါလိမ့်မယ်။

❖ ❖ ❖

## အလုပ်လုပ်ခွင့်လက်မှတ်အသစ်များ ထပ်မံထုတ်ပေးတော့မည်

ထိုင်းနိုင်ငံရှိ နိုင်ငံခြားသားအလုပ်သမားများ၏ အလုပ်လုပ်ခွင့်လက်မှတ်များအား လာမည့်မတ်လတွင် ထုတ်ပေးမည်ဟုခန့်မှန်းကြောင်း ထိုင်းနိုင်ငံ နိုင်ငံခြားသားအလုပ်သမားစီမံခန့်ခွဲရေးဌာနမှ တာဝန်ရှိသူတဦးက ပြောကြားခဲ့သည်။ အောက်တိုဘာလ၌ သက်တမ်းကုန်ဆုံးသွားသည့် အလုပ်သမားလက်မှတ်များနှင့်အတူ ထိုင်းနိုင်ငံ ပင်လယ်ကမ်းရိုးတန်း (၁၃)ခုအပါအဝင် ဘန်ကောက်နှင့် တပ်ခ်ခရိုင်တို့တွင် ဒီဇင်ဘာလမှစ၍ တရားဝင်အလုပ်လုပ်ခွင့် ရရှိရေးအတွက် အသစ်ထပ်မံလျှောက်ထားသည့် နိုင်ငံခြားသားအလုပ်သမားသစ်များ၏ အလုပ်လုပ်ခွင့်လက်မှတ်များကိုလည်း ထုတ်ပေးသွားမည်ဟုသိရသည်။ ❖

# အဝိဇ္ဇာ ထိပ်ခေါင် မြန်မာ့ လူ့ဘောင်

❍ ယခင်အပတ်မှအဆက်

**မိုးကြိုးသတင်းစဉ် အမှတ် (၂၃) ၂၀၀၁ ခုနှစ်တွင် ပါရှိသည့် "ALL THE DEVI'S MEN" ဆောင်းပါးကို ဖြည့်စွက် ဘာသာပြန်သည်။**

## ဂါမဏိ

> **"စစ်အုပ်စုဟာ "စေ့စပ်ဆွေးနွေးပွဲ" တွေကို ဘယ်တော့မှ မပြီးနိုင် မစီးနိုင်အောင် ရေရှည်ဆွဲ ကျင်းပသွားပြီး ဗမာပြည်သူတွေနဲ့ တကမ္ဘာလုံးကို အရူးလုပ်၊ လှည့်စားညာဝါးဖို့ ကြိုးစားမှာ ယုံမှားစရာ မရှိပါဘူး။ ဒါပေမဲ့ "The only good dictator is a dead dictator" ဆိုတဲ့စကားကို သမိုင်းက သက်သေပြခဲ့ပြီး ဖြစ်ပါတယ်။ "ကောင်းတဲ့ အာဏာရှင်ဆိုတာ အသက်မရှိတော့တဲ့ အာဏာရှင်ပဲဖြစ်တယ်" လို့ ဆိုရမလား ..."**

မဖြောင့်မမှန် ဖုံးကွယ်သိုဝှက်မှု (လူသိမခံရဲမှု)၊ ရှေ့နောက်မညီမှု (ခုတမျိုး တော်ကြာတမျိုးလုပ်မှု)နဲ့ တာဝန်မခံမှု (အာမမခံ ခေါင်းရှောင်မှု)တွေဟာ နဝတ/နအဖ စီးပွားရေးပေါ်လစီ ***(ဒါမှမဟုတ် မပေါ်လစီလို့*** ပြောတာပိုသင့်မယ်ထင်ပါတယ်) ရဲ့ အဓိကအမှတ်လက္ခဏာတွေ ဖြစ်တယ်။ ဒါတွေနဲ့တွဲလျှက်ကတော့ အင်မတန်လဘောက်ကျတဲ့ ‌ေ—ာက်တလွဲစီမံခန့်ခွဲမှု၊ တာဝန်မဲ့မှု၊ လုံးလုံးကိုမသိနားမလည်တုံး အမှုနဲ့ ရူးကြောင်ကြောင် မောက်မာ မာန်မာန ခက်ထန်မှုတို့ကနေ ပေါ်ထွက်လာတဲ့ *ရူးအမိုက်မဲ့မှု* သက်သက်တို့ဖြစ်ပြီး ဒါတွေအားလုံး အပေါ်မှာ အတ္တလောဘကြီးလှတဲ့ **တကိုယ်ကောင်း ကြွယ်ဝချမ်းသာရေး**က လွှမ်းမိုးကြီးစိုးနေပါတယ်။

သူတို့ရဲ့ "ပုဂ္ဂလိကပိုင်ပြုလုပ်ရေး" စီမံချက်ဆိုတာဟာ တကယ်တော့နိုင်ငံပိုင် လုပ်ငန်းဌာနတွေ၊ ပစ္စည်းကိရိယာတွေကို သူတို့ ကျွန်ယုံတော်ရောင်းရင်းတွေကို ပြန်အငှားချပေးတာပဲဖြစ်ပြီး တကယ်ရိုးသားစစ်မှန်တဲ့ ပုဂ္ဂလိကပိုင်လုပ်ရေးစီမံချက်တွေလို ဖြောင့်ဖြောင့်မတ်မတ်နဲ့ ဖြစ်သင့်ဖြစ်ထိုက်စွာ နိုင်ငံပိုင်လုပ်ငန်းတွေအပြီးအပြတ် ဖျက်သိမ်းရောင်းချပြီး လုံးဝဥဿုံ ပုဂ္ဂလိကနိုင်ငံသားများ တဦးချင်းပိုင်ဆိုင်မှုသို့ ပြောင်းလဲပစ်တာမျိုး မဟုတ်ပါဘူး။ စစ်အုပ်စုရဲ့ "လွတ်လပ်တဲ့ ဈေးကွက်စီးပွားရေး" အောက်မှာ အကျိုးအမြတ်ရနေတဲ့ "ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်" တွေကတော့ နိုင်ငံပိုင်လုပ်ငန်း ဌာနတွေ၊ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက် နဲ့ မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်းတို့လို စစ်တပ်ပိုင်စီးပွားရေး လုပ်ငန်းတွေ၊ သူတို့ရဲ့ ကျွန်ယုံတော် တပည့်လက်သား ရောင်းရင်းလက်တဆုပ်စာနဲ့ တချို့သောတိုင်းရင်းသား "ငြိမ်း"အဖွဲ့တွေရဲ့ ထိပ်သီးခေါင်းဆောင်တွေ၊ နောက်ပြီး အားလုံးသိကြတဲ့အတိုင်း လက်ညှိုးညွှန်ရာ ရေဖြစ်နေတဲ့ စစ်ဗိုလ်ချုပ်ကြီးများတို့ပဲ ဖြစ်ပါတယ်။

☆ ☆ ☆ ☆

နဝတ/နအဖရဲ့ "အမျိုးသားညီလာခံ" လို့ခေါ်တဲ့ဟာနဲ့ အခြေခံဥပဒေရေးဆွဲရေးဆိုတဲ့ ခပ်ညံ့ညံ့လုပ်ဇာတ်ကြီးကတော့ ဒီ/ချုပ်နဲ့ တိုင်းရင်းသားလူမျိုးစုအဖွဲ့တွေက ဖွဲ့ရှဲ့ဆုတ်ဖြဲပစ်လိုက်လို့ **လက်တွေ့အားဖြင့်** ဆိုင်းမပါဗုံမပါနဲ့ အရှက်တကွဲဇာတ်သိမ်းသွားရပါပြီ။

အိမ်နီးချင်းထိုင်းနိုင်ငံနဲ့ လက်နက်ကိုင်ပဋိပက္ခလှုံ့ဆော်ဖန်တီးပြီး ပြည်သူတွေကို အမျိုးသားရေးဝါဒ၊ မျက်ကန်းမျိုးချစ်ဝါဒ မှိုင်းတိုက်ဖို့ လှည့်ကွက်ဖန်တီးတာကလဲ သူတို့မျှော်မှန်းထားတဲ့ ရလဒ်တွေဖြစ်မလာဘဲ တိုင်းပြည်နဲ့ လူထုတွေထဲ ပိုပြီးမငြိမ်မသက် ဝရုန်းသုန်းကားဖြစ်လာစေတာနဲ့ သူတို့အပေါ် ပိုပြီး အယုံအကြည်မဲ့သွားစေတာတွေပဲဖြစ်လာလို့ နအဖက နောက်ပြန်ဆုတ်လိုက်ရတယ်။

လျှို့ဝှက်ပုလိပ် (ဝါ)စစ်ထောက်လှမ်းရေး လူဆိုးဂိုဏ်းသားတွေနဲ့ ကြံ့/ဖွတ် (ဟစ်တလာရဲ့ ရုပ်ညိုတပ်ဖွဲ့မျိုး) လူမိုက်တွေက အယောင်ဆောင် ဗုဒ္ဓဘာသာသံဃာ အတုတွေနဲ့ မူဆလင်အတုတွေသုံးပြီး ဘာသာရေး၊ လူမျိုးရေးအဓိကရုဏ်း လှုံ့ဆော်ကြည့်တော့လဲ တချို့သောဒေသခံ ထိပ်သီးဗိုလ်ချုပ်များက မိမိတို့ရဲ့ရောမဝင်ငွေတွေ ထိခိုက်လျော့ကျသွားမှာစိုးပြီး ဆန့်ကျင်ကြလို့ အစီအစဉ်တွေ ကမောက်ကမ ဖြစ်သွားရပြန်တယ်။ တဖက်မှာလည်း သံဃာအစစ်တွေက နအဖဘက်ကို မြားဦးလှည့်လာလို့ မျက်လုံးပြူးလာရတယ်။

ဒီလိုနဲ့ သူတို့ဟာလိမ်လည်လှည့်ဖျားရေးအတွက် **နောက်ဆုံးအားကိုးရာ** နည်းလမ်းကို ထုတ်သုံးရတော့တယ်။ အဲဒါကတော့ ဒေါ်အောင်ဆန်းစုကြည်နဲ့ "လျှို့ဝှက်စွာတွေ့ဆုံဆွေးနွေးခြင်း" ပါပဲ။ သူတို့မှာလိမ်လည်လှည့်ဖျားစရာ တခြားနည်းလမ်း မရှိတော့ဘူးဖြစ်နေပါပြီ။ ဒီ "ဆွေးနွေးပွဲ" လို့ခေါ်တဲ့ဟာကို လုပ်ရာမှာလဲ လိမ်ညာလှည့်ဖျားဖို့မှတပါး တခြားရည်ရွယ်ချက် မရှိပါဘူး။ ဒီ "ဆွေးနွေးပွဲ" ဟာ နအဖရဲ့ နောက်ဆုံးထုတ် အဆင့်မြင့်ရိုက်စားလှည့်ဖြားရေး"ဆော့ဖ်ဝဲ"သာဖြစ်ပါတယ်၊ ဒါကိုသက်သေပြနေတဲ့ အချက်အလက်ပေါင်းများစွာထဲက တခုလောက်ထုတ်ပြရရင်တော့ နအဖ ပြောရေးဆိုခွင့်ရှိသူတဦးက ဗမာပြည်က စေ့စပ်ဆွေးနွေးမှုနဲ့ မြောက်အိုင်ယာလန်၊ ပါလက်စတိုင်း၊ သီရိလင်္ကာတို့က တွေ့ဆုံဆွေးနွေးမှုတွေကို ထပ်တူနှိုင်းပြခဲ့တာကိုကြည့်ရင် သိနိုင်ပါတယ်။ တကယ်ကတော့ ဗမာပြည်ပြဿနာနဲ့ အဲဒီနိုင်ငံတွေက ပြဿနာတွေဟာ ဘာမှမဆိုင်တာ အသိသာကြီးပါ။ အဲဒီနိုင်ငံတွေကပြဿနာတွေဟာ မတူခြားနားတဲ့ လူမျိုး၊ ဘာသာအုပ်စုအသိုင်း အဝိုင်းတွေကြား လက်နက်ကိုင်ပဋိပက္ခတွေ ရာစုနှစ်တွေနဲ့ ချီပြီး ကြာနေခဲ့တယ်ဆိုတဲ့ နောက်ခံသမိုင်းကြောင်း ရှိတယ်။ ဗမာပြည်ပြဿနာကတော့ အသိုင်းအဝိုင်း အုပ်စုတခုထဲ (လူမျိုးမကွဲ၊ ဘာသာမကွဲ)မှာပဲ အစိုးရအာဏာရထားတဲ့ လက်နက်ကိုင်ဖိနှိပ်သူနဲ့ လူထုထောက်ခံမှုရထားတဲ့ လက်နက်မဲ့အတိုက်အခံအုပ်စုတို့ကြားက ပဋိပက္ခဖြစ်ပြီး သမိုင်းကြောင်းအရလဲ (၁၂)နှစ်သာရှိသေးတယ်။ (နေဝင်းအုပ်စိုးတဲ့ နှစ်ကာလတွေမှာတော့ အစိုးရနဲ့ ပဋိပက္ခဖြစ်နေတဲ့ လက်နက်မဲ့ အတိုက်အခံ ဖွဲ့ဖွဲ့စည်းစည်း မရှိခဲ့ပါဘူး။)

စစ်အုပ်စုဟာ "စေ့စပ်ဆွေးနွေးပွဲ" တွေကို ဘယ်တော့မှ မပြီးနိုင် မစီးနိုင်အောင် **ရေရှည်ဆွဲ** ကျင်းပသွားပြီး ဗမာပြည်သူတွေနဲ့ တကမ္ဘာလုံးကို အရူးလုပ်၊ လှည့်စားညာဝါးဖို့ ကြိုးစားမှာ ယုံမှားစရာ မရှိပါဘူး။ ဒါပေမဲ့လဲ အခုအခါ သူတို့ဟာ အင်မတန့်ကို ကျဉ်းထဲကြပ်ထဲရောက်နေပြီး အဲဒီကနေ ဖောက်ထွက်ဖို့ အရူးအမူး၊ အသဲအသန်၊ ရန်းကန်အားထုတ် ဉာဏ်နီဉာဏ်နက်တွေ အစွမ်းကုန်ထုတ်သုံးနေပေမဲ့ အမြဲပဲ အရာရာနဲ့အကြောင်းကြောင်း အလဲလဲနဲ့ အကွဲကွဲ ဖြစ်နေတယ်။ ဒီအကျဉ်းအကြပ်ထဲကနေ **သူတို့ကိုယ်ပိုင်အစွမ်းအစနဲ့ သူတို့** လွတ်မြောက်ပြီး သူတို့ရဲ့ အဆုံးစွန်ရည်မှန်းချက်ပန်းတိုင်ဖြစ်တဲ့ (၈၈)မတိုင်မီကခြေအနေတွေဆီကို (သို့သော်လည်း "ဆိုရှယ်လစ် ဆိုင်းဘုတ်" တော့ မပါတော့ဘဲ) ပြန်သွားနိုင်ဖို့ဟာ အထူးခဲယဉ်းပါလိမ့်မယ်။ လုံးလုံးမဖြစ်နိုင်ဘူးလို့ ပြောတာက ပိုမှန်ပါလိမ့်မယ်။

ဒါပေမဲ့လဲ နအဖဆိုတဲ့ မိစ္ဆာအမှောင့်ပယောဂကို **အပြီးအပြတ်**တောထုတ်နှင်မပစ်နိုင်သေးတဲ့ ဒီအတောအတွင်းမှာ စကားဒ်ဒုံးပျံတွေ၊ အမ်အိုင်ဂျီ (၂၉) စစ်လေယာဉ်တွေနဲ့ ချူကလီးယားဓာတ်ပေါင်းဖိုတခု ဝယ်လိုက်တာရယ်၊ မူးယစ်ဆေးလုပ်ငန်းနဲ့ တခြား ဆိုးဝါးယုတ်မာလှတဲ့ အစိုးရအုပ်ချုပ်မှုလုပ်ဟန်မျိုးစုံကရတဲ့ မဟာ့မဟာ အမြတ်အစွန်းလှိုင်းလုံးကြီးတွေပေါ် စီးလိုက်နေတဲ့ အရူးတပိုင်း မာနခက်ထန်မောက်မာပြီး ကောက်ကျစ်စဉ်းလဲမိုက်ရိုင်းလှတဲ့ ဗိုလ်ချုပ်ကြီးများရဲ့ စိတ်နေသဘောထားအရရယ်၊ ပြီးခဲ့တဲ့ (၂)နှစ်အတွင်း ထိုင်း၊ ဘင်္ဂလားဒေ့ရှ်နဲ့ အိန္ဒိယအစိုးရတပ်တွေနဲ့ လက်နက်ကိုင်တိုက်ခိုက်မှုတွေ (ဒ့ါအပြင် မုန်းကိုးမှာ တရုတ်နိုင်ငံသားတွေနဲ့ ပြည်သူ့စစ်တွေကို အစုလိုက်အပြုံလိုက် လူသတ်ပွဲပါ) အပါအဝင်ဖြစ်တဲ့ အော့နှလုံးနာစရာ စွမ်းဆောင်ချက်မှတ်တမ်းအရရယ်တို့ကိုကြည့်ရင် ဒီကနေ့ နိုင်ငံတကာမှာ ရှံရှာစရာကောင်းတဲ့ ဝိုင်းပယ်ခံ ခွေးလေခွေးလွင့်တကောင်ဖြစ်နေတဲ့ ဗမာပြည်ဟာ မကြာတော့တဲ့အနာဂတ်ကာလမှာ**"ဆိုးသွမ်း"** နိုင်ငံတခု (Rogue Nation)ဖြစ်လာတာတွေ့ရရင် အံ့ဩစရာမရှိပါဘူး။

မလေးရှားနိုင်ငံက ဒေါက်တာမဟာသီယာက တတိယကမ္ဘာနိုင်ငံတွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အာဏာရှင်"လူကောင်း" တွေလိုတယ်လို့ ဝါဒဖြန့်တရားပြခဲ့တယ်။ အဲဒီဒဏ္ဍာရီ ယုံတမ်းစကားကို ဗမာပြည်စစ်အုပ်စုက အားတက်သရောကြိုဆိုထောက်ခံခဲ့တယ်။ သူတို့တတွေဟာ "နယ်စည်းမခြားအာဏာရှင်များအဖွဲ့"ကို ထူထောင်ချင်နေပုံရတယ်။ ဒါပေမဲ့ "The only good dictator is a dead dictator"ဆိုတဲ့စကားကို သမိုင်းက သက်သေပြခဲ့ပြီးဖြစ်ပါတယ်။ ဗမာလို အနီးစပ်ဆုံးဆိုရရင်တော့ "အာဏာရှင် လူရိုးလူခေါင်း (ခေါင်းခွံ)ဆိုတာ သင်္ချိုင်းကုန်းမှာပဲ ရှိတယ်"လို့ ဆိုရမလား၊ ဒါမှမဟုတ် "ကောင်းတဲ့ အာဏာရှင်ဆိုတာ အသက်မရှိတော့တဲ့ အာဏာရှင်ပဲဖြစ်တယ်" လို့ ဆိုရမလား မပြောတတ်ပါ။ ဘယ်လိုပဲဖြစ်ဖြစ် ဗမာပြည်အနေအထားအရ ပြောရရင်တော့ "ကောင်းတဲ့နဝတ/နအဖဆိုတာ ဇီဝိန်ပြုတ်သွားတဲ့ နဝတ/နအဖပဲဖြစ်ပါတယ်"။

❖ ❖ ❖

# 'ဝ' အမျိုးသား အဖွဲ့ချုပ်ဝင်များအား ထိုင်းရဲက ဖမ်းဆီး

**ဖေဖော်ဝါရီ– (၁၁)ရက်။**

ယနေ့ နံနက် (၆း၀၀)နာရီခန့်က ထိုင်းနိုင်ငံမြောက်ပိုင်း မယ်ဟောင်ဆောင်မြို့နယ် နယ်စပ်ကျေးရွာတရွာဖြစ်သည့် မယ်ဟောလေးရွာအား ထိုင်းရဲများကဝင်ရောက်ရှာဖွေစဉ် 'ဝ' အမျိုးသားအဖွဲ့ချုပ် WNO (Wa National Organization)မှ အဖွဲ့ဝင်နှစ်ဦးနှင့် အခြားတဦးတို့ကို လက်နက်များနှင့် အတူတွေ့ရှိရ၍ ဖမ်းဆီးခြင်းခံခဲ့ရသည်။

ထိုနေ့က မယ်အောလေးရွာသို့ ရဲကား (၁၀)စီးကျော်နှင့် ရဲအဖွဲ့ဝင် (၅၀)ခန့် ရောက်ရှိလာပြီး ရွာတွင်းမသင်္ကာဖွယ် အိမ်များသို့ ဝင်ရောက်ရှာဖွေရာ (WNO) ၏ အတွင်းရေးမှူး ဦးအိုက်ထွန်း၊ ဗိုလ်ကြီးအညီးနှင့် (WNO)အတွင်းရေးမှူးဟောင်း ကွယ်လွန်သူ ဗိုလ်မှူးခွန်မောင်၏ ဇနီးဖြစ်သူ ကျေးငြိမ်းတို့ကို ပစ္စတိုသေနတ်များအတူ ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

(WNO)အဖွဲ့၏ ဥက္ကဋ္ဌဖြစ်သူ မဟာစန်၏ အဆိုအရ ထိုင်းရဲတပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးစီမံချက်အရ ယခုလိုဝင်ရောက်ရှာဖွေခြင်းဖြစ်ပြီး မယ်အောလေး ကျေးရွာအတွင်း မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ တစုံတရာဖမ်းဆီးရမိခြင်း မရှိကြောင်း သိရသည်။

မယ်အောလေးရွာသည် မြန်မာနယ်စပ်နှင့် အလွန်နီးစပ်သည့်အတွက် ဖမ်းဆီးခံရသူ အတွင်းရေးမှူးဦးအိုက်ထွန်းနှင့် ဗိုလ်ကြီးအညီးတို့မှာ လုံခြုံရေးအတွက် ထိုရွာသို့ ဝင်ရောက်တိုင်း လျှို့ဝှက်စွာ လက်နက်ယူဆောင်သွားလေ့ ရှိကြောင်းသိရပြီး ရွာတွင်နေထိုင်သူ (WNO)အတွင်းရေးမှူးဟောင်း၏ ဇနီးကျေးငြိမ်းမှာ ကွယ်လွန်သူခင်ပွန်းဖြစ်သူ၏ သေနတ်ကို ကိုင်ဆောင်ထားကြောင်း ဥက္ကဋ္ဌမဟာစန်က ပြောပြသည်။

လက်နက်များနှင့်အတူ ဖမ်းဆီးခြင်းခံရသည့်သူများ၏ အနာဂတ်နှင့်ပတ်သတ်၍ လောလောဆယ် တိကျစွာမပြောနိုင်သော်လည်း ၎င်းတို့သုံးဦးအား မယ်ဟောင်ဆောင်အချုပ်ထဲတွင် ထိမ်းသိမ်းထားရှိကြောင်း ဥက္ကဋ္ဌမဟာစန်ကဆိုသည်။

ထိုသို့ ဖမ်းဆီးခြင်းခံနေရသူများ၏ အရေးနှင့်ပတ်သတ်၍ မြန်မာနိုင်ငံအမျိုးသား ပြန်လည်သင့်မြတ်ရေးအတွက် လက်နက်ကိုင် တိုင်းရင်းသားများနှင့် နအဖ စစ်အုပ်စုတို့ ဆွေးနွေးပွဲများ ဖြစ်ပေါ်လာအောင်ကြားဝင်ကူညီမည့် ထိုင်းဝန်ကြီးချုပ်အဆိုကို နအဖက လက်ခံသဘောတူညီထားသည့် အတွက် ထိုင်းအာဏာပိုင်များအနေနှင့် တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့ဝင်များအပေါ် ဆိုးဆိုးဝါးဝါး အန္တရာယ်မပေးနိုင်ကြောင်း နယ်စပ်ဒေသတွင် ခန့်မှန်းပြောဆိုနေကြသည်။

'ဝ' အမျိုးသားတပ်မတော်၏ WNA နှင့် 'ဝ'အမျိုးသားအဖွဲ့ချုပ် WNOတို့သည် ၁၉၇၄ ခုနှစ် ဇူလိုင်လ ၂၉ ရက်တွင် ထိုင်း–မြန်မာနယ်စပ်တနေရာ၌ ဖွဲ့စည်းခဲ့ပြီး၊ ၎င်းတို့အမျိုးသားအခွင့်အရေးအတွက် မြန်မာအစိုးရအဆက်ဆက်အပေါ် ယနေ့တိုင် လက်နက်ကိုင် တော်လှန်လျက်ရှိသည်။ ❖

# စစ်ရေးမဟာမိတ်အဖွဲ့ပဉ္စမအကြိမ် စုံညီအစည်းအဝေးကျင်းပပြုလုပ်



စစ်ရေးမဟာမိတ်အဖွဲ့ အစည်းအဝေးသို့ တက်ရောက်လာကြသည့် အဖွဲ့အစည်းအသီးသီးမှ တော်လှန်ရေးခေါင်းဆောင်များ

**ဖေဖော်ဝါရီ၊ (၉)ရက်။**

ဖေဖော်ဝါရီလ (၉)ရက်နေ့က လွတ်မြောက်နယ်မြေ၌ စစ်ရေးမဟာမိတ်အဖွဲ့၏ မျက်နှာစုံညီ အစည်းဝေးတရပ်ကျင်းပခဲ့ကြသည်။ ယင်းအစည်းအဝေးသို့ (KNU)၊ (KNPP)၊ (SSA)၊ (CNF)နှင့် (ALP) တို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ယင်းအစည်းအဝေးမှ နအဖ စစ်အုပ်စုက တွေ့ဆုံဆွေးနွေးရေးကို တားဆီးပိတ်ပင်နေမှုကြောင့် မြန်မာပြည်၏ နိုင်ငံရေး၊ စီးပွားရေးအခြေအနေများ အလွန်ဆိုးဝါးလာသည့်အပေါ် သုံးသပ်ထားသည့် ကြေညာချက်တစောင် ထုတ်ပြန်ခဲ့သည်။

အစည်းအဝေးတွင် စစ်ရေးမဟာမိတ်အဖွဲ့၏ စစ်ရေးလုပ်ငန်းများနှင့် ပြည်တွင်း၊ ပြည်ပ နိုင်ငံရေးလုပ်ငန်းများကိုသုံးသပ်ခဲ့ကြပြီး မြန်မာပြည်တွင် စီးပွားရေး၊ နိုင်ငံရေး အခြေအနေများ အလွန်ဆိုးဝါးလျက်ရှိကြောင်း အထူးသဖြင့် ပြည်တွင်း၊ ပြည်ပ နှစ်ရပ်စလုံးမှ လိုလားတောင်းတနေသည့် တိုင်းပြည်၏ အခြေခံ နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းနိုင်ရန် ကြိုးပမ်းချက်များ အောင်မြင်မှုမရှိကြောင်း၊ ထိုသို့ဖြစ်ရခြင်းမှာ နအဖစစ်အုပ်စုအနေဖြင့် အနှစ်သာရရှိသည့် တွေ့ဆုံဆွေးနွေးရေးကို တားဆီးပိတ်ပင်နေခြင်းကြောင့်ဖြစ်ကြောင်း သုံးသပ်ခဲ့ကြသည်။

ထို့အပြင် လူမျိုးစုများအရေးနှင့် ပတ်သက်၍ ကြေညာချက်၌ဖော်ပြရာတွင် လူမျိုးစုများသည် ရာစုနှစ်ထက်ဝက်ကျော် အကြမ်းဖက် တိုက်ခိုက်မှုကိုခံခဲ့ကြရပြီး ယခုအခါတွင်လည်း နအဖစစ်အုပ်စု၏ အကြမ်းဖက်တိုက်ခိုက်မှုကို အပြင်းအထန်ခံနေရဆဲဖြစ်ကြောင်း၊ ထို့ကြောင့်နအဖ၏ အကြမ်းဖက်တိုက်ခိုက်မှုကို ပြတ်ပြတ်သားသားဆန့်ကျင်၍ ဆက်လက်တိုက်ဖျက်သွားမည် ဖြစ်ကြောင်းနှင့် အကြမ်းဖက်မှုလုပ်ရပ်မှန်သမျှကိုလည်း ဆက်လက်ဆန့်ကျင်တိုက်ဖျက်သွားမည် ဖြစ်ကြောင်း ဖော်ပြထားသည်။

နိဂုံးပိုင်းတွင် တိုင်းရင်းသား လူမျိုးစုအားလုံး စည်းလုံးညီညွတ်ကြပြီး စစ်ရေးမဟာမိတ်အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းထားပြီး နအဖစစ်အုပ်စုအနေဖြင့် အကြမ်းဖက်စစ်ဆင်မှုမှန်သမျှရပ်ဆိုင်း၍ ပြဿနာများကိုတရားမျှတစွာ ဖြေရှင်းရန် တောင်းဆိုထားသည်။

အစည်းအဝေးသို့ စစ်ရေးမဟာမိတ်အဖွဲ့မှ ကိုယ်စားလှယ် (၂၇)ဦးတက်ရောက်ခဲ့ပြီး စစ်ရေးပူးပေါင်းဆောင်ရွက်မှုများနှင့် မူးယစ်ဆေးဝါး ဆန့်ကျင်ရေးလုပ်ငန်းများ တဆင့်တိုးလုပ်ဆောင်သွားရန် ဆုံးဖြတ်ခဲ့ကြသည်။ ❖

## ပတ္တမြား ရွှေဂူ

ပြစ်မရှိ
ပြစ်ရှာ
လမင်းကို
ခွေးဟောင်လို့
ရွှေလရောင်
ပြောင်မပျက်တယ်
ထွန်းလျက်ပင်သာ ။
မြရွှေဂူ
ပတ္တမြားကိုလ
ဝက်များက ငြူစူစွာ
ညွန်လူးကာတိုက်နဲ
ပွတ်လေလေ
ဂူရွှေမှာ အရောင်ထွက်တယ်
ရှေးကထက်ကဲ ။

**မန်လည်ဆရာတော်**

# (NLD) အဖွဲ့ဝင် (၇)ဦးအပါအဝင် စုစုပေါင်း (၁၂)ဦး ဖမ်းဆီးခြင်းခံရ

**ဖေဖော်ဝါရီ၊ (၁၀) ရက်။**

နိုင်ငံတော်အစိုးရကို ဆန့်ကျင်သည့် အဖျက်အမှောင့်လုပ်ငန်းများ ပြုလုပ်ရန် ကြံစည်မှုနှင့် (NLD)အဖွဲ့ဝင်(၇)ဦး အပါအဝင် တိုင်းပြည်မငြိမ်မသက်ဖြစ်ရန် လှုံ့ဆော်နေသူများအား ဖမ်းဆီးခဲ့ကြောင်း ဖေဖော်ဝါရီလ(၁၀)ရက်နေ့တွင်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ဗိုလ်မှူးချုပ်သန်းထွန်းက ပြောကြားခဲ့သည်။

(AI)အဖွဲ့က ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေများနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့သည့်နေ့မှာပင် နအဖစစ်အုပ်စုကလည်း သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့ပြီး ဖမ်းဆီးမှုများ သတင်းကိုထုတ်ဖော်ပြောကြားခဲ့ခြင်း ဖြစ်သည်။

သတင်းစာရှင်းလင်းပွဲတွင် စစ်ထောက်လှမ်းရေးအဖွဲ့ ပြောခွင့်ရပုဂ္ဂိုလ် ဗိုလ်မှူးချုပ်သန်းထွန်းက ပြည်ပရောက်ပြည်ပြေးများနှင့် အကြမ်းဖက်သောင်းကျန်းသူများက ပြည်တွင်းတွင် လူစုလူဝေးနှင့် ဆူပူမှုများဖြစ်ရန်၊ မတည်ငြိမ်ရန် ပြည်တွင်းအဆက်အသွယ်များနှင့် ပူးပေါင်း၍ အဖျက်လုပ်ငန်းများ လုပ်ဆောင်သည့်အတွက် ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း၊ အစိုးရကိုဆန့်ကျင်ပြီး အဖျက်အမှောင့်လုပ်ငန်းများပြုလုပ်ရန် ကြံစည်ခဲ့သည့် (NLD)အဖွဲ့ဝင် (၇)ဦးအပါအဝင် လူ (၁၂)ဦးကို ဖမ်းဆီးထားကြောင်း၊ ရှေ့ဆက်ဖမ်းဆီးမှုများရှိဦးမှာဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။

၎င်းက နိုင်ငံတော်အေးချမ်းသာယာမှု အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးကို အကောင်အထည်ဖော်နိုင်မည်ဖြစ်ရာ ယခု လူထုမငြိမ်မသက်ဖြစ်ပြီး တုန်လှုပ်ခြောက်ခြားစေရန် ပြည်ပြေးများက ပြည်တွင်းနှင့်ဆက်သွယ်၍ ငွေကြေးထောက်ပံ့မှုများပြုကာ အင်းစိန်ထောင် အနီးတဝိုက်နှင့် သာစည်ဘူတာ၊ ကွန်ထရိုးတာဝါ (Control Tower) တို့ကို ဖောက်ခွဲရန် အဖျက်အမှောင့်သမားများက စီစဉ်ခဲ့ကြကြောင်း ပြောကြားသွားသည်။

ထိုသို့ ဖမ်းဆီးခြင်းခံခဲ့ရသူများတွင် (SNLD) ရှမ်းအမျိုးသားများ ဒီမိုကရေစီအဖွဲ့ချုပ်မှ အထွေထွေအတွင်းရေးမှူးဖြစ်သူ ဦးစိုင်းညွန့်လွင်သည် နအဖကို ပုတ်ခတ်ရေးသားထားသည့်စာကို ကွန်ပြူတာရိုက်နှိပ်၍ စာချောထုတ်ပေးခဲ့ခြင်းကြောင့် ဖြစ်ကြောင်း၊ မောင်မောင်မြင့်ဆိုသူ ရေးသားသည့် အဆိုပါစာမူကြမ်းကို ဦးစိုင်းညွန့်လွင်ထံ ယူဆောင်သွားခဲ့သူ ကမာရွတ်မြို့နယ် (NLD) ဒုဥက္ကဋ္ဌဦးခင်ဝင်းနှင့် မြောက်ဥက္ကလာပ လူငယ်အဖွဲ့ဝင် နိုင်ငံရေးအကျဉ်းသားဟောင်းတဦးဖြစ်သူ ကိုစိုးသန်းတို့ကို ဖမ်းဆီးထားကြောင်း သိရသည်။

တချိန်ထဲတွင် မြန်မာနိုင်ငံအတွင်း ကျောင်းသားများ ဖမ်းဆီးခံနေရမှုနှင့် ပတ်သက်၍ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် (ABFSU)က သတင်းထုတ်ပြန်ခဲ့ရာ တက္ကသိုလ်ကျောင်းသားအနည်းဆုံး (၁၀)ဦးမှ (၁၅)ဦးထိ ဖမ်းဆီးခြင်းခံထားရကြောင်း ဖော်ပြထားပြီး အဆိုပါကိစ္စကိုမူ နအဖက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့ခြင်းမရှိခဲ့ပေ။

အခြားသတင်းတရပ်အရ ဇန်နဝါရီ (၂၈) ရက်နေ့က ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ် ဓာတုဗေဒနောက်ဆုံးနှစ် ကျောင်းသား ကိုဇော်ဇော်အောင်ကို "ရွှေဘိုဆောင်" ရှေ့တွင် စစ်ထောက်လှမ်းရေးများက ဖမ်းဆီးသွားခဲ့ပြီး မြောက်ဒဂုံတက္ကသိုလ်မှ သချာၤနောက်ဆုံးနှစ်ကျောင်းသား ကိုကျော်ဝင်းနိုင်ခေါ် "ဒီရေ"ကိုလည်း တက္ကသိုလ်ကို သရော်ထားသည့် ကာတွန်းစာအုပ်တအုပ် ထုတ်ဝေဖြန့်ချိခဲ့သည့်အတွက် ဖမ်းဆီးသွားခဲ့ကြောင်း သိရသည်။ ❖

# ဘဝတူဒီမိုကရေစီ အဖွဲ့ များနှင့်အတူ အပြောင်းအလဲတရပ် ဖြစ်ပေါ် လာရန် ကြိုးပမ်းသွားမည်

## မွန်ပြည်သစ်ပါတီ၏ ပဉ္စမအကြိမ် ပါတီညီလာခံမှ ထုတ်ပြန်ကြေညာချက်

လက်ရှိနိုင်ငံရေးအခြေအနေအရ ရယူထားသော အပစ်အခတ်ရပ်စဲရေး၊ ငြိမ်းချမ်းရေးမှ နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးရေးနှင့် မရေမရာဖြစ်နေသည့် တွေ့ဆုံဆွေးနွေးရေးအပေါ် အားမလိုအားမရဖြစ်ရပြီး ဘဝတူအဖွဲ့အစည်းများ၊ ဒီမိုကရေစီအဖွဲ့အစည်းများနှင့်အတူ အပြောင်းအလဲတရပ်ဖြစ်ပေါ်လာရန် ပါဝင်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း မွန်ပြည်သစ်ပါတီ၏ ပဉ္စမအကြိမ်ပါတီညီလာခံမှ ကြေညာချက်တစောင်ထုတ်ပြန်ခဲ့သည်။ မွန်ပြည်သစ်ပါတီ၏ ဗဟိုဌာနချုပ်တွင် ဇန်နဝါရီလ (၁၆)ရက်နေ့မှ ဖေဖော်ဝါရီလ(၂)ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့်ညီလာခံမှနေ၍ နိုင်ငံရေးဦးတည်ချက် (၅)ရပ်ကို ပြန်လည်ဖြည့်စွက်အတည်ပြုခဲ့သည်။ ယင်း(၅)ချက်မှာ–

(၁) မွန်အမျိုးသား စည်းလုံးညီညွတ်မှုကို မြှင့်တင်ရေး၊
(၂) လူမျိုးစုံချစ်ကြည်သွေးစည်းမှုကို ပြည်လည်တည်ဆောက်ရေး၊
(၃) တပြည်လုံးအပစ်အခတ်ရပ်စဲရေးနှင့် သုံးပွင့်ဆိုင်ဆွေးနွေးပွဲဖြင့် နိုင်ငံရေးအရ အဖြေရှာရေး၊
(၄) ပါတီစုံဒီမိုကရေစီ ပေါ်ပေါက်ရှင်သန်ရေး၊
(၅) စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးတို့ ပါဝင်ကြောင်း သိရှိရသည်။ ❖

# ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ ဖက်ဒရယ်ရေးရာကော်မတီနှင့် ဒီမိုကရက်တစ် မဟာမိတ်များအဖွဲ့ချုပ်တို့ကြီးမှူး၍ ဖက်ဒရယ်ရေးရာ ဆွေးနွေးပွဲ ကျင်းပ



ဖက်ဒရယ်ရေးရာဆွေးနွေးပွဲကျင်းပနေစဉ်

ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ ဖက်ဒရယ်ရေးရာကော်မတီနှင့် မြန်မာပြည်ဒီမိုကရက်တစ်မဟာမိတ်များအဖွဲ့ချုပ်(DAB)တို့က ကြီးမှူးကျင်းပသည့်"ဖက်ဒရယ်ရေးရာဆွေးနွေးပွဲ"ကို ဖေဖော်ဝါရီလ (၄)ရက်နေ့က ထိုင်း–မြန်မာနယ်စပ်တနေရာတွင် ကျင်းပပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲသို့ တော်လှန်ရေးအဖွဲ့အစည်းအသီးသီးမှ ခေါင်းဆောင်များနှင့် (DAB)၏ ဖက်ဒရယ်ရေးရာ အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။ ❖

# ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီက ကြီးမှူး၍ မဟာဗျူဟာညှိနှိုင်းမှု အစည်းအဝေးတရပ်ကျင်းပ



မဟာဗျူဟာညှိနှိုင်းမှုအစည်းအဝေး ကျင်းပနေစဉ်

ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီ NCUB က ကြီးမှူးကျင်းပသည့် မဟာဗျူဟာညှိနှိုင်းမှုအစည်းအဝေးတရပ်ကို ဇန်နဝါရီ၂၁–၂၅ ရက်နေ့အထိ နယ်စပ်တနေရာတွင် ကျင်းပပြုလုပ်ခဲ့သည်။

ထိုအစည်းအဝေးသို့ NCUB အဖွဲ့ဝင်များဖြစ်ကြသည့် SDU, ENSCC, KNPP နှင့် SSA (တောင်ပိုင်း)တို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး ပြည်တွင်းပြည်ပ အခြေအနေများကို အပြန်အလှန် ညှိနှိုင်းသုံးသပ်ခဲ့ကြကာ မဟာဗျူဟာများ ချမှတ်ခဲ့ကြကြောင်းသိရသည်။ ❖

# ကော်ကောင်ဗိုလ်ချုပ်ကြောင့် တပ်တွင်းမကျေနပ်မှု ဖြစ်ပွား

**ဖေဖော်ဝါရီ၊ (၆) ရက်။**

(၂)နှစ်ကြာလစ်လပ်နေသော တွင်း(၂) နေရာကို ခန့်အပ်လိုက်ကြောင်း အမိန့်ကြေညာချက်တစောင်ပါဝင်သည့် ကြေညာချက် (၄)စောင်ကို ဖေဖော်ဝါရီ (၁)ရက်နေ့က တွင်း(၁) ဗိုလ်ချုပ်ခင်ညွန့်က လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့ရာ တွင်း(၂) နေရာအစားထိုး ခန့်အပ်ခြင်းခံရသူ ကော်ကောင်ဗိုလ်ချုပ်တဦးနှင့်ပတ်သက်၍ တပ်တွင်း၌ မကြေနပ်မှုများ ဖြစ်ပွားနေကြောင်းသိရသည်။

၂၀၀၁ ခုနှစ်၊ ဖေဖော်ဝါရီလက ရဟတ်ယာဉ်ပျက်ကျရာတွင် သေဆုံးသွားခဲ့သူ တွင်း(၂)ဗိုလ်ချုပ်ကြီး တင်ဦးနေရာတွင် ဒု–ဗိုလ်ချုပ်ကြီးစိုးဝင်းကို ခန့်အပ်လိုက်သည့်အတွက် စစ်တပ်အတွင်း မကြေနပ်မှုများ ဖြစ်ပွားနေပြီး အဓိကမကြေနပ်သူများမှာ တွင်း (၂)နေရာအတွက် တစ်, ကြိုပေးခြင်းခံထားရသည့် စီနီယာဗိုလ်ချုပ်ကြီးများဖြစ်ကြသည့် သူရရွှေမန်း၊ သီဟသူရတင်အောင်မြင့်ဦးနှင့် မောင်ဘိုတို့ ဖြစ်ကြသည်။

ယခုလို တွင်း(၂)နေရာကိုခန့်ထားခြင်းနှင့်ပတ်သက်၍ တပ်တွင်းအုပ်စုကွဲများအကြားတွင်လည်း မကြေနပ်မှုများဖြစ်နေကြသည့်အတွက် ကာကွယ်ရေးဦးစီးချုပ်ရုံးက ဖေဖော်ဝါရီလ (၄)ရက်နေ့တွင် ကြည်း၊ ရေ၊ လေ တပ်သားများအားလုံး ငြိမ်ငြိမ်သက်သက်ရှိကြရန် တပ်မှူးများထံအရေးပေါ်သတိပေးညွှန်ကြားချက်များ ပေးပို့ခဲ့ရကြောင်း သိရသည်။

ယခုကဲ့သို့ နအဖစစ်အုပ်စု၏ စတုတ္ထအာဏာအမြင့်ဆုံး ပုဂ္ဂိုလ်တဦးဖြစ်လာသည့် ဒု–ဗိုလ်ချုပ်ကြီးစိုးဝင်းသည် တပ်မတော်ဗိုလ်လောင်းသင်တန်း (DSA)အပတ်စဉ် (၁၂) သင်တန်းဆင်းပြီး နမခတိုင်းမှူးဘဝမှ ၁၉၉၇ ခုနှစ် နဝဘာလတွင် နအဖအဖွဲ့ဝင်တဦးဖြစ်လာခဲ့သူဖြစ်သည်။ ၂၀၀၁ ခုနှစ်တွင် လေကြောင်းကာကွယ်ရေးဦးစီးချုပ်မှူးရာထူးခန့်ထားခြင်းခံခဲ့ရပြီး ကြံ့/ဖွံ့အဖွဲ့၏နာယကအဖွဲ့ဝင်တဦးလည်း ဖြစ်သည်။ ၎င်းသည် ဇန်နဝါရီလကုန်ပိုင်းက ပဲခူးတိုင်း၊ သနပ္ပင်မြို့နယ်၊ တာဝရေလွှဲတံခါး ဖွင့်ပွဲအခမ်းအနားတွင် နအဖသည် (NLD)နှင့်တွေ့ဆုံဆွေးနွေးမည်မဟုတ်သလို၊ (NLD)ကိုလည်း ဘယ်သောအခါမှ အာဏာလွှဲပေးမည်မဟုတ်ကြောင်း ပြောကြားခဲ့သူအဖြစ် ပြည်သူတရပ်လုံးက သိထားကြသည်။

တွင်း(၂)နေရာအတွက် အလားအလာအရှိဆုံးပုဂ္ဂိုလ်ဟု အများကထင်မြင်ယူဆခဲ့ကြသည့် ဗိုလ်ချုပ်ရွှေမန်းကိုဖြတ်၍ စင်မြင့်ပေါ်ရောက်ခဲ့သည့် ဗိုလ်ချုပ်စိုးဝင်းသည် အသက်(၅၀)သာရှိသေးပြီး နအဖ၏ အစွန်းရောက်အုပ်ချုပ်ရေးယန္တရား ပိုမိုသွက်လက်လာရန်ရည်ရွယ်ပုံရကြောင်း နိုင်ငံရေးလေ့လာသူများက သုံးသပ်နေကြသည်။ ❖

# အဖွဲ့ချုပ်၏ မူဝါဒလမ်းစဉ်များနှင့်အညီ အောင်ပွဲရသည်အထိ ပြည်သူများနှင့်အတူ တိုက်ပွဲဝင်သွားမည်



အစည်းအဝေးအပြီး လွတ်မြောက်နယ်မြေတနေရာ၌ အမှတ်တရ

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်လပ်နယ်မြေ) စတုတ္ထအကြိမ် ဗဟိုကော်မတီအစည်းအဝေးကို ဇန်နဝါရီ (၁၅)ရက်မှ (၁၉)ရက်အထိ ထိုင်း–မြန်မာနယ်စပ် လွတ်မြောက်နယ်မြေတနေရာတွင် ကျင်းပ၍ ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ထိုအစည်းအဝေးတွင် ပြည်တွင်းပြည်ပ နိုင်ငံရေးအခြေအနေအရပ်ရပ်ကို သုံးသပ်၍ ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ခဲ့သည်။ လက်ရှိအခြေအနေတွင် နအဖနှင့် (NLD)တို့အကြား တွေ့ဆုံဆွေးနွေးအဆင့်သို့ မရောက်ရှိသေးရုံမက နအဖသည် ဒီမိုကရေစီနိုင်ငံအဖြစ် ကူးပြောင်းရေးကို နှောင့်နှေးကြန့်ကြာအောင် တမင်ကြံစည်နေပြီး အဖွဲ့ချုပ်အပါအဝင် နိုင်ငံရေးပါတီများနှင့် လူမျိုးစုံပြည်သူတရပ်လုံး လွတ်လပ်စွာ လှုပ်ရှားခွင့်များကို ဟန့်တားဖိနှိပ်နေဆဲ ဖြစ်ကြောင်းဖော်ပြထားပြီး နိုင်ငံရေးအကျဉ်းသားအားလုံးကို လွှတ်ပေးခြင်းမရှိဘဲ ထပ်မံဖမ်းဆီးမှုများ ပြုလုပ်နေသည်ဟု ဆိုသည်။

ထို့ပြင် တိုင်းပြည်တွင်ဖြစ်ပေါ်နေသည့် ပြည်သူလူထုတရပ်လုံး၏ အထွေထွေလူမှုဒုက္ခများကိုထောက်ပြထားပြီး နအဖသည် မူးယစ်ဆေးဝါးပြဿနာကို ဖြေရှင်းရန် အကြောင်းပြ၍ နိုင်ငံတကာ၏အကူအညီကို ရယူနိုင်ရန် ကြိုးပမ်းနေကြောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် အခက်အခဲများကြားမှ ရုန်းကန်နေမှုများ၊ တိုင်းရင်းသား ပြည်သူလူထု၏ထောက်ခံမှုများနှင့် အမျိုးသားရင်ကြားစေ့ရေးလုပ်ငန်းကိုတိုးမြှင့် ဆောင်ရွက်နိုင်ခဲ့သည်တို့ကို ထင်ဟပ်ရေးသားထားသည်။

ထို့နောက် ကြေညာချက်တွင် ဆက်လက်ဖော်ပြရာ၌ ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီ (CRPP)သည် တိုင်းရင်းသား လူမျိုးစုံဖြင့် အားဖြည့်တိုးချဲ့ ဖွဲ့စည်းနိုင်ခဲ့ပြီး အဓိကတာဝန်တရပ်အနေဖြင့် ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ကို အခြေခံသည့် ပြည်သူ့လွှတ်တော် ပေါ်ပေါက်လာရေးကို တစိုက်မတ်မတ်ကြိုးစားနေကြောင်း၊ ပြည်သူတရပ်လုံးအနေဖြင့် ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်နှင့် အခြား နိုင်ငံရေး ပါတီများက အားထုတ်ကြိုးပမ်းနေသည့် ပြည်သူ့လွှတ်တော် ပေါ်ပေါက်လာရေးကို ရှစ်လေးလုံးအရေးတော်ပုံနှင့် ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲများကဲ့သို့ တိုက်ပွဲဝင်ရန်လိုအပ်ကြောင်း တိုက်တွန်းထားသည်။ ထို့နောက် အဆိုပါအစည်းအဝေးမှနေ၍ –

၁။ ဦးဝင်းတင်၊ မင်းကိုနိုင်နှင့် တကွ နိုင်ငံရေးအကျဉ်းသားအားလုံးကို ခြွင်းချက်မရှိ အမြန်ဆုံးလွှတ်ပေးရန်။

၂။ ၁၉၉၀ ရွေးကောက်ပွဲရလဒ်အရ ပြည်သူ့လွှတ်တော် ခေါ်ယူပေးရန်။

၃။ အဓိပ္ပာယ်ရှိသော တွေ့ဆုံဆွေးနွေးပွဲ အမြန်ဆုံးပေါ်ပေါက်စေရန်.... ဆိုသည့် အချက်(၃)ချက်ပါတောင်းဆိုမှုများ ထုတ်ပြန်ခဲ့ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ)သည် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ မူဝါဒလမ်းစဉ်များနှင့်အညီ အောင်ပွဲရသည်အထိ ပြည်သူတို့နှင့်အတူ မဆုတ်မနစ် ဆက်လက်တိုက်ပွဲဝင်သွားမည်ဟု ထုတ်ပြန်ကြေညာခဲ့သည်။ ❖

# ကမ္ဘာလှည့်ခရီးသည်များ မကြာခဏလုယက်ခံနေရ

၂၀၀၂ ခုနှစ်အတွင်း မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွား (၅)သိန်းကျော် လာရောက်လည်ပတ်ခဲ့သည့်အတွက် နိုင်ငံခြားငွေ ဒေါ်လာသန်း(၁၀၀)ရရှိခဲ့ကြောင်း နအဖက ထုတ်ဖော်ပြောကြားခဲ့သော်လည်း မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ကြသည့် ကမ္ဘာလှည့်ခရီးသွားများ မကြာခဏ လုယက်ခိုးယူခြင်းခံနေရကြောင်း သိရသည်။

ပြီးခဲ့သည့် ဇန်နဝါရီလ (၁၁)ရက်နေ့က ဆွစ်ဇာလန်နိုင်ငံသား ဇနီးမောင်နှံနှစ်ဦး ရန်ကုန်မှပြည်မြို့သို့ အဝေးပြေးဘတ်(စ်)ကားနှင့် ခရီးထွက်ခွာလာခဲ့စဉ် အင်းမမြို့အရောက် ခရီးတထောက်နားနေခိုက်တွင် အမေရိကန်ဒေါ်လာ(၂၆၀၀)ကျော် တန်ဖိုးရှိ ချက်လက်မှတ်နှင့် ငွေသားအချို့ခိုးယူခြင်းခံခဲ့ရသည်။ ထိုဇနီးမောင်နှံက ပျောက်ဆုံးခဲ့ရသည့်ကိစ္စနှင့်ပတ်သက်၍ အင်းမမြို့ရဲစခန်းကို အကြောင်းကြားခဲ့သော်လည်း ဖော်ထုတ်ဖမ်းဆီးနိုင်ခြင်း မရှိခဲ့ပေ။

အလားတူ ပြီးခဲ့သည့်နှစ် နိုဝင်ဘာလ (၁၇)ရက်နေ့ကလည်း ရန်ကုန်–မန္တလေး ပြေးဆွဲနေသည့် လီယိုအိက်စ်ပရက် မော်တော်ယာဉ်ပေါ်တွင် စီးနင်းလိုက်ပါလာခဲ့သည့် ဂျပန်နိုင်ငံသား မစ္စတာတိုရှိကာ၏ ပစ္စည်းတချို့နှင့်အမေရိကန်ဒေါ်လာ(၂၄၀၀)ကျော် ပျောက်ဆုံးသွားခဲ့ရာ၊ ၎င်းက ပဲခူးမြို့အမှတ် (၃)ရဲစခန်းသို့ အကြောင်းကြားသော်လည်း ထူးခြားခြင်းမရှိခဲ့ပေ။ ထိုနှစ် စက်တင်ဘာလ (၁၃)ရက်နေ့ကလည်း မန္တလေးတောင်ပေါ်သို့ သွားရောက်လည်ပတ်ခဲ့သည့် ဂျပန်နိုင်ငံသူ အမျိုးသမီးတဦးထံမှ ပါလာသည့် ပစ္စည်းများအား လူသုံးဦးကလုယက်သွားခဲ့ကြောင်း ကြားသိရသည်။

ထိုသို့ ကမ္ဘာလှည့်ခရီးသွားများထံမှ မကြာခဏ လုယက်ခိုးယူခံရမှုများ ပေါ်ပေါက်နေရာ သက်ဆိုင်ရာသို့ တိုင်ကြားခြင်းပြုခဲ့ကြသော်လည်း အာဏာပိုင်တို့၏ အရေးယူဆောင်ရွက်မှုများမှာ နှောင့်နှေးကြန့်ကြာနေမှုများရှိနေ၍ ကမ္ဘာလှည့်ခရီးသည်များက ငြိုငြင်မှုများ ဖြစ်နေကြသည်။ ❖

## အမှားပြင်ဆင်ချက်

မိုးကြိုး အမှတ်(၃၄)၊ စာမျက်နှာ(၈)၊ ကော်လံ(၅)၊ စာကြောင်းရေ(၇)တွင် စစ်ကိုင်းတိုင်း၊ "တွန်းဇံ" မြို့နယ်ဟု မှားယွင်းဖော်ပြခဲ့သည်ကို "တန့်ဆည်" ဟု ပြင်ဆင်ဖတ်ရှုကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

မိုးကြိုးသတင်းစဉ်

# နအဖ တပ်အတွင်း ကလေးစစ်သား ခုနှစ်သောင်းခန့် ရှိနေ

**ဖေဖော်ဝါရီ၊ (၁၂) ရက်။**

မြန်မာနိုင်ငံတွင် ကလေးသူငယ်များအား အဓမ္မ စစ်မှုထမ်းဆောင်ခိုင်းနေခြင်းသည် စိုးရိမ်ဘွယ်အခြေအနေ ဖြစ်လာနေကြောင်း လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့၏ မြန်မာပြည်ဆိုင်ရာ ပညာရှင် မစ္စဂျိုးဗယ်ကာက အမေရိကန်ပြည်ထောင်စု လွှတ်တော် လူ့အခွင့်အရေးဆိုင်ရာအဖွဲ့ ရှေ့မှောက်၌ ထွက်ဆိုသွားခဲ့သည်။

ဂျိုးဗယ်ကာက မြန်မာပြည်သည် ကမ္ဘာပေါ်တွင် ယနေ့အချိန်ထိ အရွယ်မရောက်သေးသည့် ကလေးစစ်သားများ အများဆုံး အသုံးပြုနေသည့် နိုင်ငံဖြစ်ပြီး နအဖစစ်တပ်အတွင်း ကလေးစစ်သား (၇၀,၀၀၀) ခန့် ရှိနေပြီဖြစ်ကြောင်း ပြောဆိုခဲ့သည်။

နအဖ စစ်တပ်အတွင်း အတင်းအကြပ်စုဆောင်းခံရပြီး စစ်သားဖြစ်နေရသည့် ကလေးအချို့သည် အသက် (၁၁)နှစ်သာရှိသေးပြီး ထိုကလေးများကို ဖြစ်ကတတ်ဆန်းသင်တန်းပေးကာ တိုင်းရင်းသားလူမျိုးစုအတိုက်အခံများအပေါ် တိုက်ခိုက်နေကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။ ထိုကလေးများကို ကားဂိတ်၊ ဈေး၊ ဘူတာရုံနှင့် ရုပ်ရှင်ရုံ အစရှိသည့် နေရာများမှ အဓမ္မဖမ်းဆီးခဲ့ခြင်း ဖြစ်သည်ဟု ဆိုသည်။

မစ္စဂျိုးဗယ်ကာက နအဖ စစ်တပ်မှ ထွက်ပြေးလာသည့် ကလေးစစ်သား (၂) ယောက်နှင့် လွန်ခဲ့သည့်နှစ်က တွေ့ဆုံခဲ့ပုံကို ပြောကြားသွားခဲ့ရာတွင် ထိုကလေး (၂) ယောက်မှာ အသက် (၁၃)နှစ်နှင့် (၁၅)နှစ်အရွယ်သာရှိသေးပြီး ၎င်းတို့ထွက်ပြေးမလာခင်က အမျိုးသမီးနှင့် ကလေးငယ်များ စုစုပေါင်း (၁၅) ဦးတို့ကို ၎င်းတို့တပ်ဖွဲ့က ဖမ်းမိခဲ့ပြီး အဆိုပါအမျိုးသမီးနှင့် ကလေးငယ်များကို “ဘာလုပ်ရမလဲ” ဟု ၎င်းတို့က တပ်ရင်းသို့ ရေဒီယိုနှင့် ဆက်သွယ်မေးမြန်းခဲ့သည့်အခါ“အားလုံးသတ်ပစ်” ဟု အမိန့်ပေးခဲ့သည့်အတွက် အမျိုးသမီးများကို ဝိုင်းဝန်းမုဒိမ်းကျင့်ပြီး သေနတ်နှင့် ပစ်သတ်ခဲ့ကြောင်း ကလေးစစ်သားများ၏ ပြောဆိုချက်ကို ကိုးကား၍ အမေရိကန် လွှတ်တော် လူ့အခွင့်အရေးဆိုင်ရာ အဖွဲ့ရှေ့မှောက်တွင် ထွက်ဆိုသွားခဲ့သည်။

ထို့နေ့မှာပင် လူ့အခွင့်အရေး ပညာပေးဌာန (မြန်မာနိုင်ငံ)က ကလေးသူငယ်များ အခွင့်အရေးဆိုင်ရာစာချုပ်၏ ကလေးသူငယ်များအား စစ်မှုထမ်းစေခြင်းကိုတားမြစ်သည့် နောက်ဆက်တွဲစာချုပ် တနှစ်ပြည့်မြောက်အဖြစ် ကြေညာချက်တစောင် ထုတ်ပြန်ခဲ့သည်။ ထိုကြေညာချက်၌ ကလေးများအား စစ်သားအဖြစ်ခိုင်းစေခြင်းသည် ကလေးအခွင့်အရေးဆိုင်ရာ စာချုပ်ပါ အချက်များကိုချိုးဖောက်ရာရောက်သည်ဟု ယူဆကြောင်း၊ ကလေးများ အန္တရာယ်ဖြစ်စေမည့် အခြေအနေမျိုးတွင် အလုပ်ခိုင်းစေမှုဆိုင်ရာ (ILO)အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်၏ သဘောတူညီချက်အမှတ် (၁၈၂)နှင့် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုတရားရုံးက တားမြစ်ပိတ်ပင်ထားသည့် အသက်(၁၈)နှစ်အောက် ကလေးများအား စစ်မှုထမ်းစေခြင်း အချက်တို့ကိုလည်း ချိုးဖောက်ရာရောက်ကြောင်း ဖော်ပြထားပြီး မြန်မာနိုင်ငံ လက်နက်ကိုင်ပဋိပက္ခတွင် ကလေးများအား အသုံးပြု၍ စစ်မှုထမ်းစေသည့် အဖွဲ့အစည်းများအားလုံး အမြန်ဆုံး ရပ်တန့်ပေးရန် တောင်းဆိုထားသည်။ ❖

# ဖမ်းဆီးထားသူများအား တရားမျှတစွာ စစ်ဆေးပါမည်ဟု နအဖကတိပြု

**ဖေဖော်ဝါရီ၊ (၁၄) ရက်။**

မကြာသေးခင်ရက်များအတွင်း အကြမ်းဖက်လှုပ်ရှားရန် ကြံစည်နေသည်ဆိုသော စွပ်စွဲချက်များနှင့် ဖမ်းဆီးထားသူ ဒီမိုကရေစီလှုပ်ရှားသူများအပေါ် တရားမျှတစွာ ရုံးတင်စစ်ဆေးသွားမည်ဖြစ်ကြောင်း နအဖ ပြန်ကြားရေးဌာနက ပြောကြားသွားသည်။

စစ်အစိုးရက ကြေညာချက်တစောင် ထုတ်ပြန်ရာ နိုင်ငံတော်ဥပဒေကို ချိုးဖောက်ရန် ကြိုးပမ်းကြံစည်မှုနှင့် နိုင်ငံရေးသမားတစုကို ဖမ်းဆီးလိုက်ရသည့်အတွက် စိတ်မကောင်းဖြစ်ရပါကြောင်း ဖော်ပြထားပြီး ၎င်းတို့အားလုံးကို တရားရုံးတော်တွင် ဥပဒေအတိုင်း မျှမျှတတ စစ်ဆေးသွားမည်ဟု ဆိုသည်။

ထို့ပြင် စစ်ဆေးမှုများမပြီးခင် အပြစ်ရှိကြောင်း မတွေ့ရမချင်း ၎င်းတို့အပေါ် အပြစ်မရှိသူများကဲ့သို့ သဘောထားမှတ်ယူမည်ဖြစ်ကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြထားသည်။ ❖

# (ICRC) အဖွဲ့ရောက်ရှိနေချိန် နအဖ စစ်သားများ အဓမ္မမှုများကျူးလွန်ပြန်

**ဖေဖော်ဝါရီ၊ (၁၁) ရက်။**

(ICRC) ခေါ် နိုင်ငံတကာကြက်ခြေနီအဖွဲ့မှ ကိုယ်စားလှယ်များ ရှမ်းပြည်အလယ်ပိုင်း ကွင်းဆင်းခရီးသွား ရောက်နေချိန်နှင့် တိုက်ဆိုင်၍ ရှမ်းပြည်နယ်၊ လဲချားမြို့နယ်အတွင်းရှိ ကျေးရွာတရွာတွင် ရှမ်းအမျိုးသမီးတဦးကို နအဖ စစ်သားတစုက ဝိုင်းဝန်းအဓမ္မပြုကျင့်ခဲ့ကြောင်း (ICRC)အဖွဲ့က သတင်းထုတ်ပြန်ခဲ့သည်။

သတင်းအရ ပြီးခဲ့သည့် ဇန်နဝါရီလကုန်ပိုင်းတွင် ရှမ်းပြည်နယ် လဲချားဒေသအတွင်းရှိ ရွာတရွာကို နအဖ တပ်စိတ်တခု ဝင်ရောက်လာချိန်တွင် ရွာရှိအမျိုးသားများက ထွက်ပြေးတိမ်းရှောင်နေခဲ့ကြရသဖြင့် အမျိုးသမီးများနှင့် ကလေးများသာ ကျန်ရစ်ခဲ့သည် ဟုဆိုသည်။

နအဖတပ်ဖွဲ့သည် ထိုကျေးရွာတွင် နှစ်ရက်တာနားနေစဉ် ဇန်နဝါရီ(၃၀) ရက်နေ့တွင် အသက်(၃၅)နှစ်အရွယ်ရှိ ရှမ်းအမျိုးသမီးတဦးအား ၎င်း၏သားသမီးများ ရှေ့တွင် နအဖစစ်သား(၈)ဦးက ဝိုင်း၍ အဓမ္မပြုကျင့်ခဲ့ခြင်း ဖြစ်သည်။

ယခုလိုဖြစ်ပွားချိန်တွင် (AI)ခေါ် (Amnesty International) နိုင်ငံတကာလွတ်ငြိမ်းသာခွင့်အဖွဲ့ကြီး မြန်မာနိုင်ငံသို့ ရောက်ရှိနေချိန်နှင့် တိုက်ဆိုင်နေပြီး (ICRC) အဖွဲ့၏ နှစ်လတာ ကာလအတွင်း ရှမ်းပြည်နယ်အလယ်ပိုင်းရှိဒေသခံများ၏ အခြေအနေကိုလေ့လာရန် ဒုတိယအကြိမ်ခရီးစဉ်အဖြစ် ရောက်ရှိနေချိန်လည်း ဖြစ်သည်။

နအဖ တပ်ဖွဲ့ဝင်များသည် ၁၉၉၆ ခုနှစ် နောက်ပိုင်းကာလအတွင်း ရှမ်းအမျိုးသမီးပေါင်း (၆၀၀)ကျော်ကို မတရားပြုကျင့်ခဲ့ကြောင်း (SWAN) ခေါ် ရှမ်းအမျိုးသမီးရေးရာ ဆက်သွယ်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့က အစီရင်ခံစာတစောင် ထုတ်ပြန်ခဲ့ဖူးရာ ထိုအစီရင်ခံစာနောက်ပိုင်း နိုင်ငံတကာအသိုင်းအဝိုင်းက နအဖအပေါ် ဝိုင်းဝန်းဖိအား ပေးနေခဲ့သော်လည်း ထိုကိစ္စများမှာ ဆက်လက်ဖြစ်ပေါ်နေမြဲဖြစ်ကြောင်း (SWAN)အဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ နန်းဆိုင်နောင့်က ပြောကြားခဲ့သည်။ ❖

မိုးကြိုးသတင်းစဉ်

သို့

စာမူများ၊
ဝေဖန်အကြံပြုစာများ
ဆက်သွယ်
ပေးပို့နိုင်ပါသည်။

P.O.Box (91)
Mae Sod, 63110
Tak , Thailand.
binamojo@cscoms.com

BiNA
Burma Independent News Agency

မြန်မာနိုင်ငံ
လွတ်လပ်သည့်သတင်းအေဂျင်စီမှ
ထုတ်ဝေဖြန့်ချိသည်။

**အယ်ဒီတာ**
ခင်လွန်း

# တပ်ရင်းမြေအတွက် လူထုရွှေ့ပြောင်းရပြန်

**ဖေဖော်ဝါရီ၊ (၁၀) ရက်။**

တနင်္သာရီတိုင်း ကော့သောင်းမြို့နယ် ရှစ်မိုင်ရွာပတ်ဝန်းကျင်တွင် လက်နက်ကြီးတပ်ရင်း(၃၀၆)၏ တပ်ရင်းရုံးနေရာ တိုးချဲ့ရန်အတွက် ဒေသခံရွာသူ/ရွာသားများ၏ အိမ်မြေယာများ ပြောင်းရွှေ့ပေးရန် အမိန့်ထုတ်ထားသည်။ ဖေဖော်ဝါရီ (၅)ရက်နေ့က ရှစ်မိုင်ကျေးရွာပတ်ဝန်းကျင် မြေဧက (၅၀)ကို တပ်ပိုင်နယ်မြေဖြစ်ကြောင်း ရဝတရုံးနှင့် လမ်းဆုံနေရာများတွင် ဆိုင်းဘုတ်စိုက်ထူထားပြီး ထိုဧရိယာအတွင်း နေထိုင်သူကျေးရွာသားများအားလုံးကို ဖေဖော်ဝါရီလ (၂၀)ရက်နေ့အတွင်း အခြားမြို့ရွာများသို့ ပြောင်းရွှေ့ရန် အကြောင်းကြားထားသဖြင့် ရွာသူရွာသားများ အခက်အခဲ ကြုံတွေ့နေကြရသည်။ ❖

# မွန်၊ ကရင် လယ်သမားအရေး စိတ်မအေးဖွယ်တွေ့ရကြုံရ

ရာသီဥတုဖောက်ပြန်သဖြင့် ယခုနှစ်စပါးအထွက်ညံ့ခဲ့သော်လည်း သတ်မှတ်နှုန်းအတိုင်း အစိုးရအဝယ်ဒိုင်များသို့ ပေးသွင်းရန် ဖိအားပေးခြင်းခံနေရသဖြင့် မြန်မာနိုင်ငံအရှေ့တောင်ပိုင်း မွန်ပြည်နယ်၊ ကရင်ပြည်နယ်တို့မှ လယ်သမားများ မကျေမနပ်ဖြစ်နေကြောင်း သိရသည်။

မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ အစိုးရစပါးအဝယ်ဒိုင်များသည် တာဝန်ကျေ စပါးလာသွင်းသည့် စပါးများအပေါ် အစိုဓာတ်ကိုအကြောင်းပြု၍ အစိုဓာတ်ဖြတ်နှုန်း အဆမတန်ဖြတ်ယူခြင်း၊ စပါးချိန်တွယ်ရာတွင် အလေးချိန် လျော့တွက်ခြင်း၊ စပါးလုံးဝ မသွင်းနိုင်သည့် လယ်သမားများဆီမှ ပြင်ပပေါက်ဈေးထက်ပို၍ ငွေကြေးကောက်ခံနေခြင်းတို့ကြောင့် လယ်သမားများ မကျေမနပ်ဖြစ်ကြပြီး စပါးဒိုင်အဖွဲ့များနှင့် ရိုက်နှက်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့်ရက်များတွင်း မွန်ပြည်နယ် ဇုတ်သုတ်စပါးဒိုင်တွင် တာဝန်ကျေစပါး သွားသွင်းသူ နိုင်ပဲ့ဆိုသူလယ်သမားတဦးသည် စပါးဒိုင်အဖွဲ့အပေါ် မကျေနပ်မှုဖြစ်လာပြီး ဝင်ရောက်ရိုက်နှက်ခဲ့ရာ လုံခြုံရေးအဖွဲ့များက နိုင်ပဲ့အားစိတ်မနှံ့သူဟု အကြောင်းပြ၍ ဖမ်းဆီးခေါ်ဆောင်သွားပြီး ရန်ကုန်စိတ်ရောဂါဆေးရုံသို့ ပို့လိုက်ကြောင်း သိရသည်။

သို့ရာတွင် နောက်ရက်သတ္တပတ်နှစ်ပတ်အကြာ နိုင်ပဲ့၏မိသားစုများက ရန်ကုန်မြို့သို့ သွားရောက်၍ လိုက်လံစုံစမ်းမေးမြန်းကြည့်သော်လည်း နိုင်ပဲ့ကိုမတွေ့ရဘဲ ပျောက်ဆုံးနေကြောင်း ဒေသခံတဦးက ဆိုသည်။

စပါးဒိုင်များတွင် ထိုသို့စပါးဝယ်ယူရေးပြဿနာများပေါ်ပေါက်နေသဖြင့် သက်ဆိုင်ရာ အာဏာပိုင်များက သတ်မှတ်စပါးရရှိရေး နည်းမျိုးစုံကြိုးပမ်းလျက်ရှိရာ အချိန်မီတာဝန်ကျေစပါးပေးနိုင်သည့် ရွာများကို ရွှေတံဆိပ်ပေးမည်ဟု ကြေညာထားကြောင်း သိရသည်။

မွန်ပြည်နယ်အတွင်းရှိ ကြောင်ဒုကျေးရွာဥက္ကဌသည် ၎င်းရွှေတံဆိပ်ဆုရရှိနိုင်ရေးအတွက်ရွာတွင်နေထိုင်သူ လယ်သမားများထံ တနေ့ (၃)ကြိမ်ခန့် အိမ်တိုင်ယာရောက်သွား၍ အကြပ်ကိုင်ပြောဆိုနေမှုများ ပြုလုပ်နေရာ လယ်သမားများမှာ မတက်သာ၍ ရှိသမျှ ကျွဲ၊ နွား ပစ္စည်းများရောင်းချပြီး စပါးကြေး ပေးသွင်းနေရကြောင်း ထိုဒေသခံက ပြောကြားခဲ့သည်။

အလားတူ ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်တွင် တာဝန်ကျေစပါး မသွင်းနိုင်သည့် လယ်သမားများနှင့် စပါးဒိုင်အဖွဲ့များ ရိုက်ပွဲဖြစ်ပွားခဲ့ခြင်းရှိခဲ့ကြောင်း ဒေသခံတို့အဆိုအရ သိရသည်။

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်းရှိ ကျေးရွာများတွင်မူ တာဝန်ကျေ စပါးမသွင်းနိုင်သည့် လယ်သမားများအား မြို့နယ်ဥက္ကဌ ဗိုလ်မှူးနိုင်စိုး (ခလရ–၃၂)ဦးစီးသည့် စစ်ကြောင်းက တအိမ်တက်ဆင်းစပါးများ သိမ်းယူခဲ့ကြသဖြင့် လယ်သမား မိသားစုများမှာ စားရေးသောက်ရေးပင် အခက်အခဲများစွာ ကြုံတွေ့နေရကြောင်း သိရသော်လည်း ထိုသို့ဖြစ်ပွားနေမှုများတွင် လယ်သမားများကိုယ်စား မည်သူမျှ အရေးဆိုပြောကြားမှုများ မရှိကြောင်း သိရသည်။ ❖



